၁၉၉၅ ခု ဒီဇင်ဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.809, APRIL 10, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ရှမ်းပြည်အရှေ့ပိုင်း ငလျင်ဒုက္ခသည်တွေအတွက် အဖွဲ့ချုပ် ကျပ် ၁၇ သိန်းလှူဒါန်း

**Mizzima ।ဧပြီ ၆ ॥ ॥** ရှမ်းပြည်နယ်အရှေ့ပိုင်း ငလျင်ဘေးသင့် ဒုက္ခသည်များအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပထမဆုံးကျပ် ၁၇ သိန်း စတင်ကူညီမည်ဟု တောင်ကြီးမြို့နယ် အထွေထွေအတွင်းရေးမှူးဒေါ်ခင်မိုးမိုးကပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ ညောင်ရွှေ စသည့် NLD အဖွဲ့ဝင်များက ယခင်လ ၃၁ ရက်နေ့မှယနေ့ထိ ကောက်ခံရရှိသောလှူဒါန်းငွေများဖြင့် တာလေကျေးရွာ ငလျင်ဒုက္ခသည်များအတွက် အမိုးအကာကို အဓိကလှူဒါန်းမည်ဟုဆိုသည်။

"ငွေ ၁၇ သိန်းလှူမယ်၊ ဒီနေ့ ထပ်ရသေးရင်လဲ ထပ်ဖြည့်မယ်။ အရေးပေါ်လိုအပ်တာ အမိုးအကာပေါ့၊ တာပေါ်လင်ဘဲဝယ်ပြီးတော့ နှံ့အောင်ပေးမယ်။ အဝတ်အစားနဲ့အစားအသောက်က လုံလောက်နေတယ်လို့ပြောတယ်"ဟု ဒေါ်ခင်မိုးမိုးကပြောသည်။

ပါတီအဖွဲ့ဝင်များက "တာလေမြို့နယ်အတွင်းရှိငလျင်ဘေးဒဏ်ခံရသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် အကူအညီပေးရေး"ဟူ၍ အဖွဲ့ဝင်များကို စာအိတ်တအိတ်စီ ဖြန့်ဝေ၍ကောက်ခံခဲ့ကြောင်း သူကရှင်းပြသည်။

ထိုငွေများကို မနက်ဖြန်မှစ၍ ငလျင်ခံဒေသများသို့ တိုက်ရိုက်သွားလှူမည်ဖြစ်ပြီး ရှမ်းပြည်မြောက်ပိုင်း NLD အဖွဲ့ဝင်များထံလည်း အလှူငွေကောက်ခံထားဆဲဟုသိရသည်။ ရန်ကုန်ပါတီရုံးချုပ်ကလည်း ငလျင်သင့်ခံရသောဒေသများပြန်လည်ထူထောင်ရေးအတွက် ထပ်မံကူညီသွားရန်စီစဉ်နေသည်ဟု ပါတီပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က ပြောသည်။

"ခုထိတော့ပြည်နယ်၊တိုင်းစည်းရုံးရေးကော်မတီတွေကိုမေတ္တာရပ်ခံထားပါတယ်။ စုဆောင်းရရှိထားတဲ့ငွေတွေ ပို့ပြီးတော့လှူဒါန်းဖို့စီစဉ်ထားပါတယ်။ ပထမကယ်ဆယ်ရေးအတွက်ပေါ့။ ကျွန်တော့အဖွဲ့အစည်းတွေကူညီတာရှိတယ်။ ဒုတိယက ပြန်လည်ထူထောင်ရေးလုပ်ဖို့ရှိပါတယ်"ဟု သူကမဖွျှမကိုပြောသည်။

လက်ရှိတာလေကျေးရွာမှ ငလျင်ဒုက္ခသည်များအတွက် အဝတ်အစားနှင့်အစားအသောက်အတွက် လုံလောက်နေပြီး ပြန်လည်ထူထောင်ရေးအတွက် အဓိကလိုအပ်သည်ဟု တာလေဒေသကိုသွားရောက်ကူညီပေးနေသူ ကျိုင်းတုံမြို့ခံတဦးကပြောသည်။

"အိမ်မဆောက်ပေးတဲ့ချိန်အမိုးအကာလိုအပ်တယ်။ အခါတွေ့လားဟူတွေကလဲ ရွာတွေမှာမနေတော့ဘဲ တာလေမှာ လမ်းဘေးထိဆင်းလာကြတော့ လူပိုများသွားတာပေါ့။ လမ်းဘေးကလူတွေက ကယ်ဆယ်ရေးပစ္စည်းတွေလုံလောက်တယ်။ ဒေသခံတွေ ကိုယ်တိုင်က ပြန်လည်ထူထောင်ရေးအတွက် ပိုလိုအပ်နေတယ်"ဟု သူကမဖွျှမကိုပြောသည်၊ ငလျင်သင့်ဒုက္ခသည်များကိုအနီးစပ်ဆုံးလူမှုရေးဘာသာရေးအသင်းအဖွဲ့များ၊ World Vision, UNHCR, ကြက်ခြေနီစသည့် အဖွဲ့အစည်းများက ကယ်ဆယ်ရေးလုပ်ငန်းများ အကူအညီပေးနေသဖြင့် စားဝတ်နေရေးအတွက် လုံလောက်နေသည်ဟုသိရသည်။

ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်းက တာလေမြို့ပေါ်ရပ်ကွက်များမှ ငလျင်ဒဏ်သင့် ဒေသခံအိမ်ထောင်စု ၂၁၄ စုအတွက် ကျပ်ငွေ ၁၀၇ သိန်း၊တာလေဘုန်းတော်ကြီးကျောင်းများပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ဆေးရုံပြန်လည် တည်ဆောက်ရန်ကျပ်သိန်း ၃၀၀ လှူခဲ့သည်ဟု ယခုလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည်။ ဧပြီလ ၂ ရက်နေ့က ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ငလျင်သင့်ဒေသခံများထံ သွားလှူဒါန်းခဲ့ခြင်းသည် အစိုးရအဖွဲ့မှပေးအပ်သည်ဟုဆိုသော်လည်း အလှူရှင်များလှူဒါန်းသည့်ပစ္စည်းများကိုသာပေးခြင်းဟု ကယ်ဆယ်ရေးလုပ်နေသောလူမှုရေးအဖွဲ့ဝင်တဦး ကပြောသည်။

"ကျနော်တို့လှူတဲ့ပစ္စည်းကိုစုပုံပြီးတော့ ပြန်ပေးသလိုဘဲ။ သူ

**စာမျက်နှာ ၄ သို့**

**ငလျင်ဒဏ်ခံ ဂျပန်နှင့်ရှမ်းဒေသခံများစာနာမှုဖြင့် 'နွေဦးအိုးဝေ' ကဗျာစာအုပ်ဖြန့်ချီ**
**စာမျက်နှာ ၃**

**အာဏာရှင်ကြီးနှစ်ဦး စစ်တပ်အကြီးအကဲတာဝန်တွေကနေအနားယူ**
**စာမျက်နှာ ၅**

**ပြည်မြို့စက်မှု ၁ စက်ရုံမှူး ဈေးဆိုင်များအား အင်အားသုံးဖယ်ရှားမှု မအောင်မြင်**
**စာမျက်နှာ ၁၀**

**ကားတိုက်မှုကြောင့် ထိုင်းနိုင်ငံမှာ မြန်မာအလုပ်သမား အများအပြားသေဆုံး**
**စာမျက်နှာ ၁၂**

**အမျိုးသားဒီမိုကရေစီအင်အားစု အဲန်ဒီအက်ဖ်ပါတီ အမတ်တချို့ ခွဲထွက်**
**စာမျက်နှာ ၁၅**

**ရှမ်းပြည်တပ်မတော် မြောက်ပိုင်းနဲ့ နအဖစစ်တပ် တိုက်ပွဲဆက်တိုက်ဖြစ်**
**စာမျက်နှာ ၁၆**

VOB
အာ
ဘော်

# အမေရိကန်ဒဏ်ခတ်မှုနှင့် အစိုးရသစ်

မြန်မာနိုင်ငံတွင်း အစိုးရသစ်ပေါ်ပေါက်လာပြီ၊ အပြောင်းအလဲများဖြစ်လာတော့မည်၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းသင့်သည်ဟူသော ပြောဆိုချက်များပေါ် ထွက်လာခဲ့သည်။ သမတသစ်ဦးသိန်းစိန်က ပြောဆိုသည်။ အိမ်နီးချင်းနိုင်ငံများကလည်း တောင်းဆိုသည်။ ရွေးကောက်ပွဲဝင်ပြည်တွင်းပါတီများလည်း သံယောင်လိုက်ပြောဆိုသည်။ အခြားသောပညာရှင်တချို့ကလည်းဒဏ်ခတ်ပိတ် ဆို့မှုများ ရုပ်သိမ်းရန်အချိန်ကျပြီဟုဆိုသည်။

အဆိုပါပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများ၊ ပညာရှင်များက ၎င်းတို့ဖြစ်စေချင်သောရှုထောင့်မှကြည့်ကာ ယခုကဲ့သို့ ပြောဆိုခဲ့ကြခြင်းဖြစ်မည်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအား မည်သည့်အကြောင်းကြောင့် ဒဏ်ခတ်ပိတ်ဆို့မှုများပြုခဲ့သည်ကို အဓိကထားဆန်းစစ်ပြီးပိတ်ဆို့မှုများဆက်လက်ထားရှိသင့်သည်။ ဖယ်ရှားသင့်သည်ဆိုသည်ကို ဆုံးဖြတ်ခြင်းသည်ဟာအကောင်းဆုံးအဖြေရရှိနိုင်မည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီရေးလှုပ်ရှားတောင်းဆိုသော ကျောင်းသားများကိုဖမ်းဆီးခြင်းကြောင့် အမေရိကန်က မြန်မာနိုင်ငံအပေါ် ပထမဦးဆုံး အရေးယူပိတ်ဆို့ခဲ့ခြင်းဖြစ်သည်။ တဖန် ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးမှုပြုကာအမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရန် တွန်းအားပေးသည့်သဘောဖြင့် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို တဖြည်းဖြည်းတိုးချဲ့တင်းကျပ်လာခဲ့သည်။ ရွှေဝါရောင်တော်လှန်ရေးဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်ထဲရောက်သောအခါ ဘဏ္ဍာရေးနှင့်ပတ်သက်သော ဒဏ်ခတ်ပိတ်ဆို့မှုများကို စစ်အစိုးရခေါင်းဆောင်များ၊ စစ်တပ်ထိပ်တန်းအရာရှိကြီးများ၊ စစ်တပ်ထိပ်သီးများနှင့်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများကို ပစ်မှတ်ထားကာ လုပ်ဆောင်ခဲ့သည်။ ထိုသို့သောလုပ်ဆောင်မှုက မြန်မာနိုင်ငံတွင်း အာဏာရှိသူများနှင့်စီးပွားရေးထိပ်သီးများကို ထိခိုက်ခဲ့သည့်အတွက် ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရေးကို စစ်အာဏာရှင်များက တောင်းဆိုခဲ့သည်။

ယခုအခါ အစိုးရသစ်ပေါ်ပေါက်လာခဲ့ပြီး ဒီမိုကရေစီရေးအတွက် ဦးတည်လုပ်ဆောင်တော့မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏လူမှုစီးပွားရေးအခြေအနေတိုးတက်ရေးကို အားပေးရာရောက်မည့် ဒဏ်ခတ်ပိတ်ဆို့မှုကိုဖယ်ရှားရေး သည်အရေးကြီးသည်ဟုဆိုသည်။

သို့သော်လည်း အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့မှုများဖယ်ရှားရေးအတွက် လိုအပ်သောအခြေအနေများမရှိသောကြောင့် ဆက်လက်ပြုလုပ်ထားရန်ဆုံးဖြတ်ခဲ့သည်။ မှန်ကန်ကာ လက်တွေ့ကျသောဆုံးဖြတ်ချက်ဖြစ်သည့်အတွက် ကြိုဆိုရမည်ဖြစ်သည်။ လက်ရှိ အစိုးရသစ်အနေဖြင့် အဓိကဦးစားပေးလုပ်ဆောင်ရမည့်အလုပ်မှာ မိမိတို့၏လုပ်ရပ်များကို မြန်မာလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ယုံကြည်လက်ခံ လာစေရေးပင်ဖြစ်သည်။ ယုံကြည်မှုရှိလာပါက အစိုးရသစ်က အလိုရှိသောအရာများ လိုအင်များပြည့်ဝလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# ထိုးစစ်မအောင်မြင်၍ စစ်အုပ်စုက အက်စ်အက်စ်အေကို ဆွေးနွေးရေးကမ်းလှမ်း

**RFA । ဧပြီ ၆ ။** ။ တိုက်ပွဲတွေဖြစ်နေတဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ထိုးစစ်တွေမအောင်မြင်တဲ့အတွက် စစ်အစိုးရတပ်ဖက် က SSA မြောက်ပိုင်းတပ်ကို စေ့စပ်ဆွေးနွေးရေး ကမ်းလှမ်းလာတယ်လို့ သတင်းရရှိပါတယ်။

အဲဒီလိုစေ့စပ်ညှိနှိုင်းမယ်ဆိုရင် SSA မြောက်ပိုင်းတပ်ရဲ့ တပ်မဟာ ၁ နယ်မြေမှာ ဝင်ရောက်နေရာယူထားတဲ့ စစ်အစိုးရတပ်တွေ အရင်ဆုံးပြန်ပြီးရုပ်သိမ်းရမယ်လို့ SSA မြောက်ပိုင်းအဖွဲ့က အကြောင်းပြန်ထားတယ်လို့လည်း သိရှိရပါတယ်။

ဒါ့အပြင် စစ်အစိုးရထိုးစစ်ကြောင့် ပျက်ဆီးဆုံးရှုံးမှုတွေကို ပြန်လျော်ဖို့နဲ့ SSA မြောက်ပိုင်းတပ်ကို သတ်မှတ်ပေးထားတဲ့အရင်ရှိတဲ့နယ်မြေအတိုင်း ပြန်နေခွင့်ပြုရမယ်လို့ပြန်ကြားထားတာကိုလည်း SSA မြောက်ပိုင်းနဲ့နီးစပ်တဲ့ သတင်းရပ်ကွက်အရသိရပါတယ်။

"သူတို့ရဲ့ပျက်စီးဆုံးရှုံးမှုတွေ လျော်ကြေးပြန်တောင်းတယ်။ နောက်ရပ်ရွာတွေပျက်စီးတာတို့ဒီလက်နက်ကြီးနဲ့ထုတာပေါ့လေနော်၊ ပြန်ပြီးတော့ပေးဆပ်လျော်ရမယ်။ နောက် သူတို့ရဲ့ SSA လှုပ်ရှားတဲ့ဂွင်ပေါ့၊ သတ်မှတ်ထားတဲ့ဂွင်အတိုင်းပဲ သူတို့နေသွားမယ်။ နဝတ က ဘာပြောလဲဆိုတော့ နမ့်ပန်ချောင်းအရှေ့ဖက်ပေါ့နော်၊ မကျော်ပါနဲ့တဲ့။ သူတို့တောင်းဆိုတာပေါ့။ စစ်ရေး ရပ်စဲမယ်၊ SSA က လက်မခံဘူး။"

နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်မခံခဲ့တဲ့ ဗိုလ်ချုပ်ပန်ဖဦးဆောင်တဲ့ SSA မြောက်ပိုင်းတပ်ကို စစ်အစိုးရတပ်က ပြီးခဲ့တဲ့ မတ်လ ၁၃ ရက်နေ့ကနေစပြီး ထိုးစစ်ဆင်နေတာပါ။ စစ်ရေးသတင်းတွေအရ မတ်လ ၁၃ ရက်နေ့ကနေ ၂၃ ရက်နေ့ထိ ထိုးစစ်မှာ စစ်အစိုးရတပ်ဖက်က ၁၃ ယောက် ကျဆုံးတယ်လို့သိရပါတယ်။

ဧပြီလ ၁ ရက်နေ့ကလည်း မိုင်းရယ်ဒေသခံစစ်တပ်က လူထုအစည်းအဝေးတခုပြုလုပ်ပြီး SSA မြောက်ပိုင်းတပ်ကို စစ်ကြောင်းမထိုးတော့ဘူးလို့ပြောဆိုကြောင်း သိရပါတယ်။ဆွေးနွေးပွဲကျင်းပဖြစ်ရင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ပန်ဖကိုယ်တိုင် တက်ရောက်မှာမဟုတ်ပဲ ကိုယ်စားလှယ်ပဲလွှတ်မယ်လို့လည်း ဆိုပါတယ်။

နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးကို လက်ခံထားတဲ့ SSA မြောက်ပိုင်းတပ်မဟာ ၃ နဲ့ တပ်မဟာ ၇ က အင်အားနည်းပြီး၊ အသွင်ကူးပြောင်းရေးကိုလက်မခံတဲ့ တပ်မဟာ ၁ ဘက်မှာတော့ အင်အားပိုများတယ်လို့ တိုင်းရင်းသားအဖွဲ့တွေကပြောပါတယ်။

# လျောင်ဒဏ်ခံ ဂျပန်နှင့်ရှမ်းဒေသခံများစာနာမှုဖြင့် ‘နွေဦးအိုးဝေ’ ကဗျာစာအုပ်ဖြန့်ချိ

**Mizzima | ဧပြီ ၆ ။** ။ လျောင်နှင့်ဆူနာမီသင့် ဂျပန်များ၊ လျောင်ဒဏ်ခံ ရှမ်းပြည်ဒေသခံများကို စာနာမှုပြသသည့်အနေဖြင့် မြန်မာကဗျာဆရာ ၁၆ ဦးက ‘နွေဦးအိုးဝေ’ ကဗျာစာအုပ်အား အင်္ဂါနေ့တွင် ဖြန့်ချိလိုက်သည်။

စာအုပ်ပါကဗျာများရွတ်ဆိုပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDရုံးချုပ်၌ပြုလုပ်ကာ ထုတ်ဝေဖြန့်ချိမှုကိုပြုလုပ်ခဲ့ကြခြင်းဖြစ်သည် သတင်းစာဆရာကြီးဦးဝင်းတင် (ဟံသာဝတီ)၊ ကဗျာဆရာဖျာပုံနီ လုံဦး၊ မုံရွာအောင်ရှင်၊ ကြည်မောင်သန်းတို့အပြင် မဂ္ဂဇင်းကဗျာဆရာ များဖြစ်သည့် နှင်းမိုးဝေ၊ တိုးလွင် (ဥတ္တရအလင်း)၊ မိုယ်းဇော်၊ ဇော်မိုး လွင်၊ ဟိန်းမြတ်ဇော်၊ ရင်နီ၊ ခန့်မင်းထက်၊ ရိုးဝေးထက်၊ ညီမင်းညို၊ မြတ်မင်းခန့်၊ ဩရနှင့်ငြိမ်းသစ်တို့၏ ကဗျာ ၁၆ ပုဒ်ပါဝင်သည်။ စာအုပ် အား ဒေါ်အောင်ဆန်းစုကြည်အမှာစာနှင့်အတူ NLD က ထုတ်ဝေခြင်း လည်းဖြစ်သည်။

ကိုယ်တိုင်ရေး ‘ငေးနေတဲ့ကမ္ဘာ’ ကဗျာကိုရွတ်ဆိုခဲ့သည့် ဆ ရာငြိမ်းသစ်က “ယနေ့လက်ရှိမဂ္ဂဇင်းစာမျက်နှာတွေပေါ် ဖြတ်သန်း နေတဲ့ကဗျာဆရာတွေ လက်လှမ်းမီသမျှဖိတ်ခေါ်ခဲ့ပြီး ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်”ဟု မဇ္ဈိမကိုပြောသည်။ မြန်မာကဗျာဆရာများက သ ဘာဝ ဘေးဒဏ်သင့်ပြည်သူများအတွက် စာနာမှုရှိကြောင်းပြသရန် ကဗျာစာ အုပ်နှင့်ကဗျာရွတ်ဆိုပွဲ ပြုလုပ်ရသည်ဟုဆိုသည်။ ထို့ပြင် လျောင်ဒဏ် သင့်ဂျပန်ပြည်သူများနှင့် မြန်မာပြည်သူများအားစိတ်ဓာတ်ခွန်အားအရ ထောက်ပံ့မှုတခုလည်းဖြစ်ကြောင်း ဆရာငြိမ်းသစ်ကပြောသည်။

“ဒီစာအုပ်လေးကိုအင်္ဂလိပ်လိုရော၊ ဂျပန်လိုပါ ဘာသာပြန်ပြီး တော့ တကမ္ဘာလုံးဖြန့်မှာပါ။ ဆူနာမီသင့်တဲ့သူတွေအတွက်လှူမယ်။ ဂျပန်လိုတော့ပြန်ပြီးပြီပြောပါတယ်” ဟု ပါတီလူငယ်တာဝန်ခံတဦးဖြစ် သူ ကိုရာဇာက မဇ္ဈိမကိုပြောသည်။

အင်္ဂါနေ့ပွဲသို့ NLD အဖွဲ့ဝင်များ၊ ကဗျာချစ်သူများနှင့် ကဗျာ ဆရာများ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ပြီး၊ ကဗျာစာအုပ်ကို ပါ တီဝင်များအတွက်သာ အုပ်ရေ ၁၀၀၀ ကန့်သတ်ထုတ်ဝေသေးကာ တအုပ်လျှပ် ကျပ် ၃၀၀ ဖြင့်ရောင်းချသည်။

ဦးဝင်းတင်၏ ‘အာဏာငရဲ လှိုင်းငရဲ’ ဟိုက္ကူအမျိုးအစား ကဗျာတွင် ”လူ စက် မြို့ မျိုဝါး၊ ဟီရိုရှီးမား ဖုံးဝင်စား၊ ဆူနာမီနဂါး…။ ငတ် မွဲ ကန်း ပိ ပြား၊ ကင်ပေတိုင်ဆိုး ခေတ်ထွန်းကား၊ ဘီရုမာ ချောက်ချား…။ ဘဝတူတွေပဲ အာဏာငရဲ လှိုင်းငရဲ၊ တို့ စာနာကြေကွဲ…” ဟူ၍ရေးဖွဲ့ထားသည်။ ကဗျာရှင် ၁၀ ဦးကကိုယ်တိုင်ရွတ်ဆိုကာ မလာ နိုင်သူများ၏ ကဗျာများကို ပါတီလူငယ်များကိုယ်စားရွတ်ဆိုခဲ့သည်။ ကဗျာရွတ်ရာ၌ နောက်ခံဂီတအဖြစ် မဇ္ဈိမလှိုင်းမှကိုရဲလွင်နှင့်တေးရေး ဆရာ သားထွေး ကတီးခတ်ပေးခဲ့သည်။

ပွဲကျင်းပရာ NLD ရုံးချုပ်သို့ ပထမဆုံးလာရောက်ဆင်နွှဲခဲ့ သည့် ကဗျာဆရာညီလင်းညိုက အစိုးရသစ်အပြောင်းအလဲ၌ ဒီမို ကရေစီနှင့်အညီ လွတ်လပ်စွာပါဝင်ခွင့်ကို ကျင့်သုံးသည့်အနေဖြင့် သူ ပါဝင်ခဲ့ကြောင်း မဇ္ဈိမကိုပြောသည်။

“ကဗျာဆရာတယောက်အနေနဲ့လာတက်တာပါ။ဂျပန်လျောင် နဲ့ပတ်သက်ပြီးစာနာမှုဖြစ်တယ်၊ကဗျာဆရာအနေနဲ့ပါဝင်ပတ်သက်တ ယ်။ ကျနော်တို့တိုင်းပြည်မှာလည်း သမ္မတသစ်၊ အစိုးရသစ်နဲ့ဆိုတော့ ဒီမိုကရေစီကျကျ လွတ်လပ်စွာပါဝင်ခွင့်ရှိတယ်လို့ယူဆတယ်လေ။ ကျ နော်ကဗျာဆရာတယောက်အနေနဲ့ပါဝင်ရေးတယ်။ ကျနော့်ဘက်က အင်မတန် ရိုးရှင်းပါတယ်” ဟု သူကပြောပြသည်။

နွေဦးအိုးဝေ အမည်မှာ ၁၉၉၉ မတ်လ ၁၃ ရက်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အဖြစ် ပထမဆုံးထုတ်ဝေခဲ့သည့် NLD ၏ နံရံကပ်စာစောင်အမည်ဖြစ်သည်။

ဂျပန်တွင် မတ်လ ၁၁ ရက်နေ့လှုပ်ခတ်ခဲ့သည့် အင်အား ရစ် ချတာစကေး ၈.၉ လျောင်နှင့် နောက်ဆက်တွဲ ဆူနာမီရေလှိုင်းကြောင့် လူ ၃ သောင်းခန့် သေကြေပျောက်ဆုံးခဲ့ကာ၊ ပျက်စီးဆုံးရှုံးမှုကြီးမား ခဲ့သည်။ ရှမ်းပြည်အရှေ့ တာချီလိတ်နှင့်တာလေဒေသတွင် မတ်လ ၂၄ ရက်နေ့ လှုပ်ခတ်ခဲ့သည့် အင်အား ၆.၈ လျောင်ကြောင့် ၇၄ ဦးထက် မနည်းသေဆုံးခဲ့ရသည်။

---

# အဖွဲ့ချုပ်လူငယ်တွေကိုကူညီသူ စစ်ဆေးခံနေရ

**BBC | ဧပြီ ၃ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တွေဦး ဆောင်တဲ့ သွေးအကူအညီပေးရေးအဖွဲ့ကို ပူးပေါင်းကူညီနေတဲ့ တောင်ဒဂုံမြို့နယ်၊ ၁၉ ရပ်ကွက် စည်ပင်လမ်းက အငြိမ်းစားဗိုလ်ကြီး ဟောင်း ကိုနေမျိုးဇင်ကို မနေ့ညနေပိုင်းက အာဏာပိုင်တွေကနေ မေး မြန်းစရာရှိလို့ဆိုပြီးခေါ်သွားတာ တနင်္ဂနွေညနေပိုင်းအထိ အိမ်ပြန်မ ရောက်သေးဘူးလို့ သိရပါတယ်။

ဧပြီ ၂ ရက်နေ့ညနေ ၅ နာရီလောက်က အဲန်အယ်လ်ဒီလူငယ် တွေနဲ့ သာမန်အရပ်သားတွေပူးပေါင်းဖွဲ့စည်းထားတဲ့ သွေးအကူအညီ ပေးရေးအဖွဲ့ဝင်တွေဟာ သွေးလှူသွားမလို့စောင့်နေစဉ်မှာ သူတို့အဖွဲ့ ကိုအကူအညီပေးနေတဲ့ ဗိုလ်ကြီးဟောင်းနေမျိုးဇင်ကို အထူးသတင်းရဲ တပ်ဖွဲ့ကနေ မေးစရာရှိလို့ဆိုပြီး ခေါ်သွားတာဖြစ်ပါတယ်။

ဒီနေ့မနက်အစောပိုင်း ကိုနေမျိုးဇင်နဲ့ ဖုန်းအဆက်အသွယ်ရတဲ့ အချိန်မှာတော့ သူဟာအောင်သပြေစစ်ကြောရေးစခန်းမှာရောက်နေ ကြောင်းနဲ့ နောက်ပိုင်းဆက်သွယ်မရတော့ကြောင်း၊ အဲန်အယ်လ်ဒီ သွေးအကူအညီပေးရေး ခေါင်းဆောင်တယောက်ဖြစ်တဲ့ ကိုညီညီက ဘီဘီစီကိုပြောပြပါတယ်။

မနက်ခင်းပိုင်းမှာတော့ တောင်ဒဂုံစခန်းမှူးဦးရွှေလေးနဲ့ နယ် မြေခံမယကနဲ့ ရယကတာဝန်ရှိသူတွေက ကိုနေမျိုးဇင်နဲ့ပါသွားတဲ့ ကားနဲ့ပစ္စည်းတွေကို မိသားစုကိုပြန်လာပေးတယ်လို့ သိရပါတယ်။ သူတို့ကိုမေးကြည့်တော့ မေးစရာရှိလို့ခေါ်ထားတာပါဆိုတာကလွဲလို့ တခြားခိုင်လုံတဲ့အကြောင်းပြချက်မပေးတဲ့အတွက် ဘာကြောင့်ဒီလို ခေါ်ယူစစ်ဆေးနေတယ်ဆိုတာ စဉ်းစားလို့မရတဲ့အကြောင်း ကိုညီညီ ဆက်ပြောပြပါတယ်။

အသက် ၃၆ နှစ်အရွယ် ကိုနေမျိုးဇင်ဟာ ၂၀၀၇ ခုနှစ်က တပ် မတော်ကအငြိမ်းစားယူခဲ့ ဗိုလ်ကြီးဟောင်းဖြစ်ပြီး ၂၀၀၉ နှစ်ကုန်ပိုင်း က အဲန်အယ်လ်ဒီလူငယ်တွေလုပ်ဆောင်နေတဲ့ သွေးအူအညီပေးရေးအ ပါအဝင် လူမှုရေးလုပ်ငန်းတွေကို တစိုက်မတ်မတ်ကူညီခဲ့သူတဦးဖြစ် တယ်လို့ သိရပါတယ်။

အဲန်အယ်လ်ဒီလူငယ်တွေနဲ့ သာမန်အရပ်သားတွေပါ ပါဝင်တဲ့ သွေးလှူဒါန်းနေတဲ့အဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချု ပ်က လွတ်လာပြီးတဲ့နောက်ပိုင်း သွေးလှူဒါန်းမှုတွေကို ပြည်နယ်တိုင်း အတော်များများမှာလုပ်ဆောင်ခဲ့ကြပြီး အဖွဲ့ဝင်ပေါင်း တသောင်းကျော် ရှိတယ်လို့ သိရပါတယ်။

# အကျဉ်းကျ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွတ်မြောက်ဖို့ မိသားစုတွေမျှော်လင့်

**VOA၊ ဧပြီ ၆။** ။ မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးမှာ အကျဉ်းကျနေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေ မကြာခင်မှာ ပြန်လည်လွတ်မြောက်လာကြဖို့ မိသားစုဝင်တွေကမျှော်လင့်နေကြပါတယ်။ နိုင်ငံအုပ်ချုပ်ရေးပိုင်းမှာ တစုံတရာအပြောင်းအလဲဖြစ်ခဲ့ပြီးတဲ့နောက် အဲဒီအပြောင်းအလဲဟာ စစ်မှန်တယ်လို့ပေါ်လွင်ဖို့ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးရမှာပဲလို့လည်း ပြောကြပါတယ်။

ကျင်းပပြီးစီးသွားတဲ့ လွှတ်တော်အစည်းအဝေးတွေအတွင်း အကျဉ်းသားတွေကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ်ပေးဖို့ ကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းပြောဆိုတာတွေရှိခဲ့ပြီးတဲ့နောက် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်လာလေတော့မလားဆိုတဲ့ မျှော်လင့်ချက်တွေ ပြန်ပြီးရှင်သန်လာတယ်လို့ ဆိုရမှာပါ။

မခိုင်ချိုဇော်ဝင်းတင်ဟာ တောင်ကြီးထောင်မှာ အကျဉ်းကျနေတဲ့အယ်ဒီတာ ဇာတ်ညွှန်းရေးဆရာ ကိုဇော်သက်ထွေးရဲ့ဇနီးဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူပြန်လွတ်လာမယ့်အချိန်ကို အမြဲစောင့်နေတာပါလို့ သူကပြောပါတယ်။

"ကျမတယောက်တည်းရဲ့အမြင်ကိုပြောရရင် ကျမတို့မိသားစုတစုလုံးကတော့ အပြည့်အဝမျှော်လင့်ထားတာပဲ၊ ဒီအချိန်ကိုပဲစောင့်နေတာပဲလေ။ ဘာပဲပြောပြော အစိုးရသစ်တရပ်လည်း သူတို့ ဘာသာသူတို့ ပီပီပြင်ပြင်ဖြစ်လာပြီ၊ လုပ်စရာရှိတာတွေ ဆက်လုပ်ရမယ်ဆိုရင် ဒီလူတွေကိုလွှတ်ဖို့အပြင် ဘာမှသိပ်မရှိတော့လောကဘူးလို့ထင်တာပဲ။ အခြေအနေတခုပေါ့၊ ဒီလို ရွေးကောက်ပွဲတွေပြီးပြီ၊ နိုင်ငံရေးအခြေအနေတွေလည်း တည်ငြိမ်သင့်သလောက်တည်ငြိမ်တယ်လို့လည်းပြောလို့ရမှာပေါ့၊ အဲဒီလိုဆိုတော့ လုပ်မယ်လို့မျှော်လင့်ထားတာပဲ။ ဖြစ်လာရင်တော့အကောင်းဆုံးပေါ့။"

မြန်မာအစိုးရအနေနဲ့ ဒီမိုကရေစီနဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဖော်ဆောင်တဲ့နေရာမှာ အနိမ့်ဆုံးတော့ နိုင်ငံရေးအကျဉ်းသားတွေကိုပြန်လွှတ်ပေးရမယ်လို့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတွေက ပြောကြပါတယ်။ ဒါ့အပြင် နိုင်ငံရေးအကျဉ်းသားတွေကိုပြန် လွှတ်ပေးတာမျိုးလို သိသာထင်ရှားတဲ့တိုးတက်မှုတခုခုမရှိဘဲနဲ့တော့ ဒဏ်ခတ်အရေးယူထားတာတွေကို ရုပ်သိမ်းပေးရေး စဉ်းစားဖို့ရာမဖြစ် နိုင်ဘူးလို့ အမေရိကန်နဲ့အရေးယူထားတဲ့နိုင်ငံတွေကပြောကြပါတယ်။

အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးကိစ္စဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက်နဲ့ သမ္မတကလုပ်ဆောင်ရမှာဖြစ်တာကြောင့် အချိန်စောင့်ပါဦးလို့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးအတွင်း အဲဒီတုန်းက ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ဟောင်းဦးမောင်ဦးက ပြောခဲ့ဖူးပါတယ်။ အခုတော့ လုံ ခြုံရေးကောင်စီလည်းဖွဲ့စည်းပြီး သမ္မတဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်ဦးဆောင်တဲ့အစိုးရအဖွဲ့လည်းပေါ်ပေါက်လာပြီမို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုရင် ပေးလို့ရတဲ့အခြေအနေ ရှိနေပြီဖြစ်ပါတယ်။

မျှော်လင့်ချက်ကတော့ထားပေမဲ့ အပြောင်းအလဲကလည်း သိပ်မထူးလှတဲ့အပြောင်းအလဲမို့ အဆုံးစွန်မမျှော်လင့်ရဲသလို တကယ်ပြောင်းလဲတာဆိုရင် လွှတ်ပေးရမှာပဲလို့ပြောသူက နိုင်ငံရေးအကျဉ်းသူဒေါ်စန်းစန်းတင်ရဲ့ညီမဖြစ်သူနဲ့နောက် နိုင်ငံရေးအကျဉ်း သူတယောက်ဖြစ်တဲ့ မသက်သက်အောင်ရဲ့အဒေါ်ဖြစ်သူ ဒေါ်စုစုကြည်ပါ။

"အန်တီတို့က မျှော်လင့်ချက်ဆိုတာကတော့ မျှော်လင့်ထားတာပေါ့။ ဒါပေမဲ့ အစိုးရအပြောင်းအလဲက ကုလားကြီးနဲ့အရာကြီး ဖြစ်နေတော့ အန်တီတို့က သိပ်လည်းအရမ်းကြီးမမျှော်ရဲဘူး။ မျှော်လင့်ချက်ကတော့၊ သူတို့ပုံစံ တကယ်အမှန်အကန်ဆိုရင်တော့ ဒါလွတ်ကိုလွှတ်ရမယ်လို့အန်တီတို့က တွက်ထားတယ်။ လွှတ်ပေးသင့်တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံရေးက တကယ်အပြောင်းအလဲရှိပြီဆိုရင် သူတို့ တကယ်မှန်ကန်တယ်ဆိုရင် ဒီနိုင်ငံရေးသမားတွေ လွှတ်ကိုလွှတ်ရမယ်။"

အရင် တော်လှန်ရေးကောင်စီလက်ထက်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွေတုန်းကလည်း ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အကျဉ်းသားတွေကိုလွှတ်ပေးတာတွေ၊ ပြစ်ဒဏ်လျှော့ပေါ့ပေးတာတွေ ရှိခဲ့ဖူးပါတယ်။

အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ကိစ္စကို အသစ်ပေါ်လာတဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီက သမ္မတဗိုလ်ချုပ်ကြီးဟောင်းဦးသိန်းစိန်ကို ထောက်ခံချက်ပေးမှာလား၊ သမ္မတ တကယ်တမ်းလွှတ်ပေးမှာလားဆိုတာကတော့ အခုချိန်ထိမရေမရာဖြစ်နေဆဲပါ။ အကျဉ်းသားတချို့ကို လွှတ်ပေးနိုင်ဖွယ်ရှိပြီး အဲဒီထဲမှာ နိုင်ငံရေးအကျဉ်းသားတချို့လည်း ပါလာနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေရှိနေပေမဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးခြွင်းချက်မဲ့ ပြန်လွတ်လာလိမ့်မယ်ဆိုတဲ့မျှော်လင့်ချက်မျိုး ရှိသူကတော့ နည်းလှပါတယ်။

---

**မျက်နှာဖုံးမှ**

တို့နိုင်ငံတော်အစိုးရကပေးတာတော့မဟုတ်ဘူး။ ၂၅၊ ၂၆ မှာလာတဲ့ ပစ္စည်းတွေက ဖြန့်လို့မှမရတာ။ အဲဒီပစ္စည်းတွေကို ဒုသမ္မတကလူ တဲ့ ပုံစံပါဘဲ။ ပေးတဲ့ငွေက နိုင်ငံတော်ဘတ်ဂျက်က ပေးတာမဟုတ်ဘူး"

အိန္ဒိယအစိုးရက ဒေါ်လာ ၁ သန်း၊ တရုတ်အစိုးရက ဒေါ်လာ ၅ သိန်း၊ ထိုင်းအစိုးရက ဘတ်ငွေ ၃ သန်းကူညီမည်ဟု ကြေညာထားပြီး တရုတ်ချစ်ကြည်ရေးအသင်း ၂ သင်းကလည်း ဘောဂျင်ရှိ သံအမတ်ကြီးဦးတင်ဦးထံ ယွမ် ၁ သိန်း သွားလှူခဲ့ကြောင်းသိရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်လှုပ်ခဲ့သော ငလျင်ကြောင့် ကျပ်သန်း ၃ ထောင်ခန့် (အမေရိကန်ဒေါ်လာ ၃.၆ သန်းခန့်) ဆုံးရှုံးသည်ဟု ရန်ကုန်ကုလလူမှုကူညီကွပ်ကဲမှုရုံး UNOCHA မှ တာလေမြို့နယ်ခွဲ ငလျင်ကယ်ဆယ်ရေးကော်မတီကိုကိုးကား၍ ယခင်လ ၂၇ ရက်နေ့က ထုတ်ပြန်ထားသည်။

ယခင်လ ၂၄ ရက်နေ့ ညအချိန်လှုပ်ခတ်ခဲ့သော အင်အား ၆.၈ ရစ်ချတာစကေးရှိငလျင်ကြောင့် သေဆုံးသူ ၇၄ ဦး၊ ဒဏ်ရာရသူ ၁၂၅ ဦး၊ အဆောက်အဦးနှင့် အိမ် ၃၀၀ ကျော်၊ ဆေးရုံ၊ ကျောင်းနှင့် ဘုန်းကြီးကျောင်း ၅၈ ကျောင်းပျက်စီးကြောင်း အစိုးရက နောက်ဆုံးကြေညာခဲ့သည်။ ယင်းနောက်ပိုင်း သေဆုံးမှုစာရင်းကိုထပ်မံ ကြေညာခြင်းမရှိခဲ့ပေ။ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်ခွဲ မိုင်းလင်း (အရှေ့၊ အနောက်)၊ ကျကူနီ၊ နားယောင်းကျေးရွာအုပ်စု၊ မိုင်းကိုး ကျေးရွာများတွင် လူဦးရေ ၁၅၀ ကျော်သေဆုံးခဲ့ပြီး လူဦးရေထောင်ချီကာ အိုးအိမ်ပျက်စီးဆုံးရှုံးခဲ့သည်ဟု ဒေသခံများထံမှသိရသည်။

# အာဏာရှင်ကြီးနှစ်ဦး စစ်တပ်အကြီးအကဲတာဝန်တွေကနေ အနားယူ

**VOA၊ ဧပြီ ၄ ။** ။ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စစ်တပ်အကြီးအကဲတာဝန်ကအနားယူသွားပြီလို့ စစ်တပ်နဲ့နီး စပ်တဲ့အသိုင်းအဝိုင်းက ပြောပါတယ်။ အစိုးရသစ်ကို ပြီးခဲ့တဲ့လကုန်က အာဏာလွှဲပြောင်းလိုက်တဲ့နောက် အခုလို ရာထူးကထွက်လိုက်တယ် ဆိုပေမဲ့လည်း ဒါဟာ အာဏာကိုစွန့်လွှတ်ဖို့ရည်ရွယ်ထားတာလို့တော့ အကဲခတ်တွေက မယူဆကြပါဘူး။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ မြန်မာစစ်တပ်ရဲ့ အကြီးဆုံး တာဝန်ဖြစ်တဲ့ ကာကွယ်ရေးဦးစီးချုပ်နေရာက အနားယူသွားခဲ့ပါပြီ။ ၁၉၉၂ ခုနှစ်ကတည်းက ဒီတာဝန်ကိုသူယူခဲ့တာမို့ နှစ်ပေါင်း ၂၀ နီးပါး ဒီတာဝန်ကိုယူခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က သမ္မတသစ် ဦးသိန်းစိန်ဦးဆောင်တဲ့ စစ်ဗိုလ်ချုပ်ဟောင်းတွေအများစုပါတဲ့ အရပ် သားအစိုးရကိုအာဏာလွှဲအပြီးမှာ အခုလို အနားယူလိုက်တာ ဖြစ်ပါ တယ်။

အခုလိုအနားယူပြီးမှ ကာကွယ်ရေးဦးစီးချုပ်အသစ်အဖြစ် ဗိုလ် ချုပ်မှူးကြီးသန်းရွှေထက် အသက် ၂၀ ကျော်ငယ်တဲ့ ဗိုလ်ချုပ်ကြီး မင်း အောင်လှိုင်ကိုခန့်အပ်လိုက်ပါပြီ။ အလားတူ ဒု-ကာကွယ်ရေး ဦးစီးချုပ် ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေးလည်း အနားယူသွားပြီး သူ့နေရာကို ဗိုလ်ချုပ်စိုးဝင်းကို အသစ်ခန့်အပ်လိုက်ပါပြီ။ အခုလို စစ်တပ်ထိပ်ပိုင်းက ဗိုလ်ချုပ်မှူးကြီးနဲ့ဒု-ဗိုလ်ချုပ်မှူးကြီး ၂ ဦးစလုံး အနားယူသွားတာ ဘာကြောင့် အခုချိန်မှာဖြစ်ရပါလဲဆိုတာကို ဒီမိုကရေစီနဲ့ဖွံ့ဖြိုးရေး အင်အားစုအဖွဲ့က သုတေသနမှူး ဦးဌေးအောင်ကိုမေးမြန်းကြည့်ရာ မှာအသက်အရွယ်ကြီးရင့်လာပြီး ကျန်းမာရေးအခြေအနေကြောင့် ဖြစ် နိုင်တယ်လို့ ဆိုပါတယ်။

"တကယ် တပ်မတော်ရဲ့ထုတ်ပြန်ထားတဲ့ဥပဒေကိုသာ တိတိ ကျကျလိုက်နာမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ ကာကွယ် ရေးဦးစီးချုပ်ရာထူးကနေစွန့်လွှတ်ပြီး အနားယူသင့်တာကြာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်မှာ တကယ်ပြဋ္ဌာန်းထားတာက အသက် ၆၀ ပြည့်ရင် တပ်မတော်ကနေနုတ်ထွက်အနားယူရမယ် ဆိုတာမျိုး ပြဋ္ဌာန်းထားတာရှိတယ်။ တခြား ကာကွယ်ရေးဦးစီးချုပ် အဆင့်ဆင့်ပေါ့၊ စစ်အာဏာရှင်ဟောင်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း တောင်မှ အသက် ၆၀ ပြည့်တဲ့အချိန်တုန်းက စစ်တပ်ကနေ အနားယူ ခဲ့တာရှိတယ်။

"ဒါပေမဲ့ သူကတော့ အခုအချိန်မှာ စစ်အာဏာသိမ်းတဲ့ ခေါင်းဆောင်ပီပီ အကြောင်းအမျိုးမျိုးပြပြီးတော့၊ သူက အခုဆိုရင် အသက် ၇၈ နှစ်တောင်ဖြစ်နေပြီ။ အဲတော့ တွက်ကြည့်မယ်ဆိုရင် ၁၈ နှစ်လောက် အနားယူသင့်နေပြီပေါ့။ အနားယူရမယ့်ကာလထက် အ များကြီးကျော်လွန်နေတာကြောင့် အနားယူလိုက်တယ်လို့ပဲ ကျနော် ထင်ပါတယ်။"

**VOA ။** ။ အခုလိုအနားယူပြီးတဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအ နေနဲ့၊ အခုတော့ ဗိုလ်ချုပ်မှူးကြီးဟောင်းသန်းရွှေလို့ ခေါ်ကြမှာပေါ့၊ ဘာဆက်လုပ်မယ်ထင်လဲဆရာ။

"ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ အများအမြင်မှာတော့ သူ ကနောက်မှာ အေးအေးဆေးဆေး သာမန်အရပ်သားဘဝနဲ့ပဲ နေ မယ်လို့ယူဆနိုင်ပေမဲ့ လက်တွေ့မှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အနေနဲ့ သူဟာ အာဏာကို တကယ်စွန့်လွှတ်ရဲမယ့်အနေအထား မရှိသေးဘူးလို့ပဲထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အရင် အာဏာကို စွန့်လွှတ်သွားခဲ့ရတဲ့ စစ်အာဏာရှင်ဟောင်းကြီး ဗိုလ်ချုပ်ကြီးနေဝင်း တုန်းကလည်း နောက်ဆုံး ဇာတ်သိမ်းမကောင်းခဲ့ ဘူးဆိုတာကို သူကိုယ်တိုင် သိခဲ့ မြင်ခဲ့တာတွေရှိတယ်။

"သူ့အနေနဲ့ကတော့ ဒီအသက်အရွယ်အရ တပ်မတော်ကို န ပျိုနေအောင်လုပ်မယ်ဆိုတဲ့ သူ့ရဲ့ပြောစကားနဲ့အညီ သူတပ်မတော်က အနားယူပြတယ်ဆိုပေမဲ့ နောက်ကွယ်မှာတော့ တနည်းနည်းနဲ့ တပ် မတော်ကိုဆက်ကိုင်တွယ်ထားနိုင်တဲ့နေရာမှာ ရှိနေဦးမယ်လို့ ကျနော် ထင်ပါတယ်။ တကယ်တပ်ကိုကိုင်ထားနိုင်မှသာလျှင် အာဏာဟာ သူ့လက်ထဲမှာရှိမယ်ဆိုတာကိုသိတဲ့အတွက်ကြောင့် တပ်ကိုတော့ တ နည်းနည်းနဲ့ဆက်ပြီးတော့ကိုင်ထားနိုင်ဖို့ ကြိုးစားမှာကတော့ သေချာ တယ်လို့ ကျနော်ယူဆပါတယ်။"

**VOA ။** ။ အဲတော့ ဘယ်လိုနေရာမျိုးကနေ ဘယ်လိုပုံစံမျိုးနဲ့ ကိုင် တွယ်မယ်လို့ ဆရာယူဆလဲ။

"အဲဒါကိုတော့ ဗမာ့တပ်မတော်မှာ ပြောရတာခက်တယ်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရဆိုရင်တော့ ဗိုလ်ချုပ်မှူးကြီး သ န်းရွှေအတွက်နေရာမရှိတော့ဘူးလို့ပြောလို့ရပါတယ်။ ဒါပေမဲ့လည်း သူတို့စစ်တပ်ထဲမှာ၊ သူတို့အတွင်းစည်းမှာ ဗိုလ်ချုပ်တွေအချင်းချင်း နားလည်မှုတွေအရ သူ့အနေနဲ့က ကြံ့ဖွံ့အဖွဲ့မှာပဲဖြစ်ဖြစ် နာယကကြီး အနေနဲ့လည်း ဆက်နေနိုင်တယ်။ အလားတူ စစ်တပ်ရဲ့နောက်ကွယ်မှာ စစ်ကော်မရှင်လိုဟာမျိုးဖွဲ့စည်းပြီးတော့လည်း နောက်ကွယ်က ကြိုး ကိုင်ထားနိုင်တဲ့အနေအထားတွေရှိတယ်လို့ ထင်ပါတယ်။"

**VOA ။** ။ မကြာသေးခင်က အားလုံး စစ်မှု မထမ်းမနေရဥပဒေထဲမှာ တခုပါတာက စစ်တပ်ကအနားယူပြီးရင် ၅ နှစ်အတွင်းမှာ လိုအပ်ရင် စစ်တပ်က ပြန်ပြီးခေါ်နိုင်တယ်၊ ဆိုလိုတာကတော့ ဗိုလ်ချုပ်မှူးကြီး အနေနဲ့ တကယ်လို့သာ စစ်တပ်ထဲပြန်လာချင်ရင်လည်း ပြန်လာလို့ရ အောင်လုပ်နိုင်တယ်ဆိုတဲ့အနေအထားမျိုးပေါ့၊ အဲဒါကို သုံးပြီးတော့ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ပြန်ဝင်လာနိုင်ဖို့ အလားအလာရောရှိနိုင်လား။

"ကျနော်တို့လည်း အဲဒါကို သံသယရှိပါတယ်။ အဲဒါတွေ ကလည်း အခုလက်ရှိတပ်မတော်ကအနားယူသွားပြီဆိုတဲ့ ဗိုလ် ချုပ်မှူးကြီး ၂ ယောက်အတွက် နောက်ကွယ်မှာ စစ်ရာထူး အဆင့် အတန်းတွေနဲ့ဆက်ပြီးတော့ ရပ်တည်နေနိုင်အောင် တမင် သူတို့ ကပ်ပြီး ဖန်တီးထားတယ်လို့ပဲ ကျနော်ထင်ပါတယ်။"

**VOA ။** ။ နောက်တခုက ဘယ်အကြောင်းအရာတွေမှာ ဗိုလ်ချုပ် မှူးကြီးက အဓိက နောက်ကကြိုးကိုင်သွားမယ် ထင်လဲဆရာ။

"အခုလက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရကလည်း အာဏာခွဲဝေမှုအပိုင်းတွေမှာ ရှုပ်ထွေးနေတာတွေ၊ အတွင်းမှာ အ ချင်းချင်းအားပြိုင်နိုင်တဲ့အနေအထားတွေရှိနေသေးတယ်။ အဲတော့ အဲဒါတွေကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ စိုးရိမ်စိတ်ရှိနေတဲ့ အနေအထားတွေ ကျနော်တို့တွေ့ရတာရှိပါတယ်။ အဲဒီတော့ အဲ ဒီအနေအထားတွေကို သူ့အနေနဲ့တည်ငြိမ်သွားအောင် အရပ်ဝတ် အစိုးရဆက်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ အုပ်ချုပ်နိုင်တဲ့အနေအ ထားအထိ သူကတော့ နောက်ကွယ်ကနေ စစ်တပ်ကိုချုပ်ကိုင်ရင်းနဲ့ စောင့်ကြည့်နေမယ့်အနေအထားမျိုးရှိမယ်လို့ ထင်ပါတယ်။"

ဒီမိုကရေစီနဲ့ဖွံ့ဖြိုးရေးအင်အားစုအဖွဲ့က သုတေသနမှူး ဦးဌေး အောင်ပြောပြခဲ့တာ ဖြစ်ပါတယ်။

# နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်လွှတ်ပေးရန် အမေရိကန်တောင်းဆို

**VOA ၊ ဧပြီ ၈ ။** ။ မြန်မာနိုင်ငံမှာ နိုင်ငံသားတွေအဖို့ ကိုယ်ကြိုက်တဲ့အစိုးရ ကိုယ်တင်ပိုင်ခွင့်မရှိအောင် စစ်အစိုးရကဆက်လက်ချုပ်ကိုင်ထားသလို တခြားလူ့အခွင့်အရေးချိုးဖောက် မှုတွေကိုလည်း ဆိုးဆိုးရွားရွားကျူးလွန်နေတယ်လို့ အမေရိကန်အစိုးရ နိုင်ငံခြား ရေးဌာနက သောကြာနေ့ကထုတ်ပြန်တဲ့ ၂၀၁၀ နှစ်ပတ် လည် လူ့အခွင့်အရေး အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံက လူ့အခွင့်ရေးအခြေအနေအတွက် အထူးစိုးရိမ်နေပြီး အခုထိ အဖမ်းဆီးခံနေရဆဲဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို ပြန်လွှတ်ပေးဖို့လည်း တောင်းဆိုလိုက်ပါတယ်။ အပြည့်အစုံကိုတော့ ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကကမ္ဘာတဝှမ်းနိုင်ငံပေါင်း ၁၉၄ နိုင်ငံအတွက် လူ့အခွင့်ရေးဆိုင်ရာ ၂၀၁၀ နှစ်ပတ်လည် အစီရင်ခံစာကို သောကြာနေ့မှာ ထုတ်ပြန်ခဲ့တာပါ။ ဒီ (၃၅) ကြိမ်မြောက် နှစ်ပတ်လည် အစီရင်ခံစာထဲမှာ အရှေ့အလယ်ပိုင်းဒေသနဲ့ အာဖရိကမြောက်ပိုင်းနိုင်ငံတွေမှာ ဒီမိုကရေစီရေးတိုးတက်အောင်မြင်မှုတွေရနေကြောင်း ဖော်ပြထားပြီး ဒီလိုလူ့အခွင့်ရေးနဲ့ဒီမိုကရေးစီရေး ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ရေးမှာ အမေရိကန်နိုင်ငံက ထောက်ခံပံ့ပိုးပေးနေတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီကလင်တန် (Hillary Clinton) ကပြောပါတယ်။

"လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရဖို့ ကြိုးစားနေသူတွေအတွက် ဘယ်နိုင်ငံမှာပဲနေနေ အမေရိကန်ပြည်ထောင်စုက ဒီလူတွေဘက်က ရပ်တည်နေမှာပါ။ လူသားတိုင်းရဲ့ အခြေခံရပိုင်ခွင့်တွေဖြစ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုဖို့အတွက် လူကိုယ်တိုင် ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြသူဖြစ်ဖြစ်၊ အင်တာနက်ကနေ ထုတ်ဖော်ပြောဆိုသူဖြစ်ဖြစ်သူတို့နဲ့အတူ အမေရိကန်နိုင်ငံက ရပ်တည်နေပါတယ်။"

ဖိနှိပ်ချုပ်ချယ်တဲ့ အစိုးရတွေအနေနဲ့ ကိုယ့်နိုင်ငံသားတွေအပေါ် ဖိနှိပ်တဲ့ လူ့အခွင့်ရေးချိုးဖေါက်မှုပုံစံ အကြမ်းဖျင်း ၃ မျိုး တွေ့နေရပြီး လူမှုလူ့အဖွဲ့အစည်းထဲက တက်ကြွလှုပ်ရှားသူတွေကို အစိုးရက ကျယ်ကျယ်ပြန့်ပြန့်ဖိနှိပ်ချေမှုန်းတာ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့် ပိတ်ပင်မှုတွေထဲက ခုခေတ်မှာ အင်တာနက်ပိတ်ပင်မှုတွေ လုပ်တာနဲ့ လူနည်းစုတွေ၊ အင်အားနည်းပါးသူတွေကို အနိုင်ကျင့်ဖိနှိပ်နေတာတွေ့ရတယ်လို့ဆိုပါတယ်။ ဒီအထဲမှာ အဆိုးဆုံးက မြန်မာနိုင်ငံနဲ့ ကျူးဘားနိုင်ငံတွေ ဖြစ်တယ်လို့ ဝန်ကြီး ကလင်တန်က ပြောပါတယ်။

"မြန်မာနိုင်ငံနဲ့ ကျူးဘားနိုင်ငံတွေမှာ ကွန်ပြူတာ အင်တာ နက်ကနေ အတိုက်အခံတွေ မလုပ်နိုင်အောင် အစိုးရက လက်ဦးမှု ရယူတဲ့အနေနဲ့ နဂိုကတည်းက အခြေခံလူတန်းစားတွေ အင်တာနက်မသုံးနိုင်အောင် မူဝါဒတွေချထားတာ တွေ့ရပါတယ်။"

အစီရင်ခံစာထဲမှာ မြန်မာအစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို အပိုင်း ၇ ပိုင်းခွဲဖော်ပြထားပြီး မြန်မာနိုင်ငံက ဥပဒေမဲ့ ဖမ်းဆီးမှုတွေ၊ လူမဆန်တဲ့ ညှဉ်းပမ်းနှိပ်စက်မှုတွေ၊ အဖမ်းခံရပြီး ပျောက်ဆုံးသွားတာတွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကို ဆိုးဆိုးရွားရွား ဖိနှိပ်ချိုးနှိမ်နေတာတွေရှိနေတယ်လို့ဆိုပါတယ်။ အထူးသဖြင့် အစိုးရက လုံခြုံရေးတာဝန်ပေးထားသူတွေရဲ့ တရားလက်လွတ် သတ်ဖြတ်မှုတွေ၊ အဖမ်းခံရစဉ် သေဆုံးသွားမှုတွေ၊ မုဒိန်းကျင့်မှုတွေနဲ့ နှိပ်စက်ညှဉ်းပမ်းမှုတွေကို တွေ့နေရတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံက အကျဉ်းထောင် ၄၂ ခုနဲ့ အကျဉ်းစခန်း ၁၀၀ ကျော်မှာနေရတဲ့ အကျဉ်းသားတွေအတွက် ကျန်းမာရေးပြုစုစောင့် ရှောက်မှုကောင်းကောင်းမွန်မွန်မရတဲ့အပြင် ဆေးဝါး အစားအသောက်နဲ့ နေထိုင်ရတဲ့ အခြေအနေဆိုးရွားမှုကြောင့် ထောင်ထဲ သေဆုံးရမှုတွေ ရှိနေသလို နိုင်ငံရေးအကျဉ်းသားတွေကို နှစ်ရှည်ထောင်ဒဏ်ချတာ၊ မိသားစုနဲ့ဝေးရာ လမ်းပန်းအဆက်အသွယ် ခက်ခဲတဲ့ နယ်စွန်နယ်ဖျား အကျဉ်းထောင်တွေပို့တာ၊ နှိပ်စက်ညှဉ်းပမ်းတာတွေရှိနေတာမို့ အခြေအနေတွေဟာ ဆိုးရွားနေတယ်လို့ ဖော်ပြထားပါတယ်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးဆန္ဒပြခွင့်၊အသင်းအပင်းဖွဲ့ခွင့်လို အလုပ်သမားရပိုင်ခွင့် မရှိတာတွေနဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းတွေ လွတ်လွတ်လပ်လပ်ဖွဲ့ခွင့်မရတာအပြင်ဘာသာရေးဆိုင်ရာ ဖိနှိပ်မှုတွေနဲ့ခွဲခြားဆက်ဆံမှုတွေရှိနေတယ် လို့ဆိုပါတယ်။

ဒါ့အပြင် ကိုယ်တင်မြှောက်ချင်တဲ့အစိုးရကို တင်မြှောက်ခွင့်မရအောင် စစ်အစိုးရက ထိန်းချုပ်ထားတယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး မကြာခင်မှာပဲ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ပြန်ပြီးလွှတ်ပေးတာမို့ မြန်မာနိုင်ငံရဲ့ အခြေအနေအပေါ် အမေရိကန်နိုင်ငံရဲ့အမြင်ကို သတင်းထောက်တဦးက မေးတဲ့အခါမှာတော့ အမေရိကန်နိုင်ငံအနေနဲ့ အခုထိ စိုးရိမ်နေရဆဲပဲလို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ပေါ်စနာ (Michael Posner) က ပြောပါတယ်။

"မြန်မာနိုင်ငံက အခြေအနေတွေနဲ့ပတ်သက်ပြီးတော့ အခုထိလည်း ကျနော်တို့ သိပ်ပြီးတော့ စိုးရိမ်နေရတုန်းပါပဲ။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော် အခုချိန်ထိ ဖမ်းဆီးထားတာမို့ သူတို့ကိုပြန်လွှတ်ပေးဖို့ ဆက်ပြီးတော့ တောင်းဆိုနေပါတယ်။ ဒါတင်မကသေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ NLD ပါတီကိုလည်း အဓိပ္ပါယ်မရှိတဲ့ ကန့်သတ်ချက်တွေနဲ့ ပြင်းပြင်းထန်ထန် ဆက်ဆံနေတာကိုတွေ့ရလို့ စိုးရိမ်တာပါ။ မြန်မာအစိုးရအပေါ် ပိတ်ဆို့အရေးယူထားတဲ့ JADE အက်ဥပဒေ ချမှတ်တဲ့အထဲမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ခန့်အပ်ဖို့ပါသလို အကောင်အထည်ဖော်ဖို့လည်း စလုပ်နေပါပြီ။ အဲဒါကြောင့် မြန်မာ့အရေးကို မကြာခင်မှာပဲ ဖိဖိစီးစီး လုပ်လာနိုင်တော့မှာပါ။"

မစ္စတာ ပေါ်စနာက ပြောသွားတာပါ။ သမ္မတ ဘာရက်အိုဘားမားဟာ အမေရိကန်နိုင်ငံရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားအဖြစ်နဲ့ လက်ရှိ အာရှပစိဖိတ်ဒေသ လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒဲရစ်မစ်ရှဲလ် (Derek Mitchell) ကို ခန့်အပ်ဖို့အတွက် မကြာခင်မှာပဲ ကြေညာဖို့ ရှိနေပါတယ်။

# သွေးလှူဒါန်း အကူအညီပေးနေသူ ဗိုလ်ကြီးဟောင်းကို အာဏာပိုင်က ဖမ်းဆီး

**VOA ၊ ဧပြီလ ၄ ။** ။ ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်အတွင်း ဖွင့်လှစ်ထားတဲ့ သွေးလှူဒါန်းရေး အဖွဲ့မှာ ကူညီ လုပ်ဆောင်ပေးနေတဲ့ စစ်မှုထမ်းဟောင်းတဦးဖြစ်သူ ကိုနေမျိုးဇင်ကို အာဏာပိုင်တွေက အောင်သပြေ စစ်ကြောရေးကို စနေနေ့က ဖမ်းဆီး ခေါ်ဆောင်သွားခဲ့တယ်လို့ လုပ်ငန်းအတူတူ လုပ်ကိုင်သူတွေက ပြောပါတယ်။ ဧပြီလ ၄ ရက် တနင်္လာနေ့မှာတော့ ကိုနေမျိုးဇင်ရဲ့မိသားစုပိုင် အင်တာနက်ဆိုင်ကို အာဏာပိုင်တွေက ထပ်မံစစ်ဆေးမှုတွေ လုပ်ခဲ့ပြီး ကိုနေမျိုးဇင်ရဲ့ကွန်ပြူတာကိုလည်း သိမ်းဆည်းသွားခဲ့တယ်လို့ဆိုပါတယ်။ အပြည့်အစုံကို မအေးအေးမာက တင်ပြပေးထားပါတယ်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တောင်ဒဂုံမြို့နယ် သွေးအကူအညီပေးရေးအဖွဲ့နဲ့အတူကူညီဆောင်ရွက်ပေးနေတဲ့ဗိုလ်ကြီးဟောင်း နေမျိုးဇင်ကို အာဏာပိုင်တွေက စနေနေ့က ဖမ်းဆီးသွားပြီးတဲ့နောက် ၄ ရက်နေ့မှာတော့ မိသားစုပိုင်အင်တာနက်ဆိုင်ကို ရှာဖွေစစ်ဆေးမှုတွေ ဆက်လုပ်လာခဲ့ကြောင်း တောင်ဒဂုံမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးလည်းဖြစ် သွေးအကူအညီပေးရေးအဖွဲ့ ခေါင်းဆောင်လည်းဖြစ်တဲ့ ကိုညီညီက ဗွီအိုအေကို ပြောပြပါတယ်။

"၁၁ နာရီခွဲလောက်မှာ ရဲမှူးကြီးတယောက် ဦးဆောင်တဲ့ SB တွေပါတယ်၊ အိမ်ထဲမှာ ဓာတ်ပုံရိုက်မယ့်အဖွဲ့ပါတယ်၊ ပြီးတော့ အင်တာနက်ကို စစ်ဆေးမယ့် ဟက်ကာ (Hacker) လေးတွေ ပါတယ်။ အားလုံးပေါင်း ၈ ယောက်၊ မြို့နယ် မယကက တယောက်ပါတယ်။ ရယက ဥက္ကဋ္ဌ ဦးမြင့်ထွန်း ပါတယ်။ ၈ ယောက်စလုံး သူတို့ လာပြီးတော့ ရှာဖွေစစ်ဆေးတယ်။

"သူကလည်း အင်တာနက်ဆိုင်ဖွင့်ထားတဲ့အတွက် ဒါတွေ သူတို့ မသိမ်းသွားပါဘူးတဲ့။ သူကိုင်နေကျ လက်ပ်တော့ပ် (Laptop)ကိုပဲ ယူသွားမယ် ဆိုပြီးတော့ အဲဒါကို ယူသွားတယ်။ ဘာမှမတွေ့သွားဘူး၊ ဘာမှလည်းမရှိဘူး။ သူ့ လက်ပ်တော့ပ်ထဲမှာ EBook ပေါ့၊ အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့ စာအုပ်လေးတွေ၊ ဖတ်စရာ မှတ်စရာလေးတွေပဲ၊ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့ အတ္ထုပ္ပတ္တိ စာအုပ်တွေ အဲဒါတွေပဲ သူတို့ ယူသွားတယ်။ အဲဒီ လက်ပ်တော့ပ်လေးပဲ ပါသွားတယ်။"

သူ့ကို ဖမ်းဆီးမှုဟာ သူတို့ လုပ်ဆောင်နေတဲ့ သွေးအကူအညီပေးရေးကိစ္စတွေနဲ့တော့ သက်ဆိုင်မယ်လို့မထင်ကြောင်း၊ တပ်မတော်က အနားမယူမီ တာဝန်ထမ်းဆောင်ခဲ့တာကိုလည်း ပြောပြပါတယ်။

"သူလုပ်ခဲ့တာ ပြင်ဦးလွင် စစ်တက္ကသိုလ်မှာ စစ်ဘက် ဥပဒေ သင်တန်းတွေ တက်ခဲ့တယ်၊ တိုက်ပွဲ ထောက်လှမ်းရေးသင်တန်းတွေ တက်ခဲ့တယ်၊ နိုင်ငံခြားဘာသာ သင်တန်းတွေ တက်တယ်၊ တပ်မတော်ထိပ်တန်း အရာရှိသင်တန်းတွေ တက်တယ်။ စစ်ဘက်အရာရှိနဲ့ ဆိုင်တဲ့ သင်တန်းတွေ တက်ရောက်သင်ကြားခဲ့ရတယ်လို့ သူ့ရဲ့ Biography ထဲမှာ ရေးထားတယ်။ ကျန်တဲ့ဟာက ပြစ်မှုကျူးလွန်လို့ ထွက်လိုက်ရတာ ဘာမှမရှိဘူး။ နောက်ဆုံးလုပ်ခဲ့တဲ့နေရာက တပ်ထိန်းလို့ ပြောတယ်ဗျ။"

ပြစ်မှုတစုံတရာမရှိဘဲ ၂၀၀၅ခုနှစ်လောက်ကနေတပ်မတော်က ထွက်ခဲ့ပြီးနောက် လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာလုပ်ဆောင်ခဲ့ကြောင်းတွေကိုလည်း ကိုညီညီက ဆက်ပြောပြပါတယ်။ ဖမ်းဆီးသွားတဲ့နေ့က အဖြစ်အပျက်တွေကို ပြောပြခဲ့ရာမှာတော့...

"သွေးသွားလှူဖို့ ကျနော် ပြင်ဆင်နေတဲ့အချိန်မှာ သူ့ကိုကျနော် လှမ်းခေါ်တယ်၊ ကိုနေမျိုးရေ ထွက်လာလိုက်တော့၊ သွေးသွားလှူရမယ်ဆိုတော့ သူက ကျနော်ထွက်လာလို့ မရတော့ဘူးတဲ့၊ ကျနော့်ကို အခု SB က လာခေါ်နေတယ်တဲ့၊ မေးမြန်းစရာရှိလို့ အောင်သပြေ စစ်ကြောရေးကို ကျနော်လိုက်သွားရမယ်တဲ့၊ သူက အဲဒီလို လှမ်းပြောတယ်။"

သူဟာ တပ်မတော်သားဟောင်းဖြစ်ပေမဲ့ သူတို့နဲ့အတူ လူမှုရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတာ ဖြစ်တဲ့အတွက် စစ်ဆေးမေးမြန်းစရာရှိတယ်ဆိုပြီး ဖမ်းဆီးသွားခဲ့တာဖြစ်ကြောင်း၊ သူဟာလူမှုရေးကို လုပ်ဆောင်နေတဲ့သူ တဦးသာဖြစ်ပြီး သူဖမ်းဆီးခံရတဲ့ အတွက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေက ပြန်လည်လွှတ်ပေးဖို့အတွက် မျှော်လင့်နေကြပါတယ်။

# လူမှုရေးအဖွဲ့တဖွဲ့ ရန်ကုန်တိုင်း မြောက်ဒဂုံမှာဖွဲ့စည်း

**RFA ၊ ဧပြီ ၄ ။** ။ ဆင်းရဲချို့တဲ့နာမကျန်းသူတွေကို ကူညီစောင့်ရှောက်ပေးမဲ့ လူမှုရေးအဖွဲ့တဖွဲ့ကို ရန်ကုန်တိုင်း မြောက်ဒဂုံမြို့နယ်မှာ ဖွဲ့စည်းလိုက်တယ်လို့ သတင်းရရှိပါတယ်။

အဖွဲ့ကို NLD အဖွဲ့ဝင်တွေအပါအဝင် လူ ၃၅ ဦးနဲ့ စတင်ဖွဲ့စည်းလိုက်တာပါ။ ဒီအကြောင်းနဲ့ပတ်သက်လို့ အဖွဲ့ကိုဦးဆောင်သူ ဦးသိန်းကြည်က RFA ကို အခုလို ပြောပါတယ်။

"ကျွန်တော်တို့ ၃ လ ၂၀၁၁ တနင်္ဂနွေနေ့မှာ ကျွန်တော့ အိမ်မှာ ကျွန်တော်တို့အခြေတည်လိုက်တာပေါ့နော်။ ၃ ရက် နေ့ကတော့ ဒါကိုပိုပြီးတော့ ခိုင်မာတောင့်တင်းအောင်ဆိုပြီးထပ်ဖွဲ့ပါတယ်။ လောလောဆယ်အလှူငွေကတော့ မနေ့က တဦး ကို ငါးထောင်၊ တသောင်း ထည့်ဝင်သွားတာ၊ လောလောဆယ် ကျွန်တော်တို့ ငါးသောင်းကျော် ရပါပြီ။ နောက် ၂၆ ရက်နေ့က ကျွန်တော့အိမ်မှာလုပ်တုန်းကဆိုရင် ၃ သောင်းနဲ့ ၂ ထောင်ရတယ်။ နှစ်ရက်ပေါင်းကောက်ခံရရှိငွေက ငွေ ၈၆,၀၀၀ ရပါပြီ။ အဲဒီ ၈၆,၀၀၀ နဲ့ မတည်ပြီးတော့ တကယ်ဆင်းရဲတဲ့လူတွေဖြစ်တဲ့ သက်ကြီးရွယ်အိုတွေ ကလေးသူငယ်တွေတကယ်ကိုနွမ်းပါးပြီးတော့ ဆေးရုံဆေးခန်းတောင်မသွားနိုင်တဲ့ လူတွေကို ကျွန်တော်တို့က အိမ်တိုင်ယာရောက်သွားပြီးတော့ ဆေးကုပေးမှာပါ။"

အဖွဲ့အနေနဲ့ ဦးစားပေးအမျိုးအစား ၃ မျိုးခွဲပြီး ဦးစားပေး ဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။ ပထမဆုံးဦးစားပေးအနေနဲ့ ကူညီစောင့်ရှောက်သူမရှိတဲ့သက်ကြီးရွယ်အိုတွေကို ကူညီပေးမှာဖြစ်ပြီး၊ ဒုတိယဦးစားပေးကတော့ မွေးကင်းစနဲ့ကလေးသူငယ်တွေ ဖြစ်ပါတယ်။ တတိယဦးစားပေးကတော့ ဆေးဝါးကုသဖို့မတတ်နိုင်တဲ့ အရွယ်ရောက်ပြီးသူတွေဖြစ်တယ်လို့ ဆိုပါတယ်။

အဖွဲ့ဝင်တွေက တဦးကို တလ ကျပ်တထောင်နှုန်းထည့်ဝင်ဖို့ ညှိနှိုင်းထားကြတယ်လို့ သိရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်က NLD ပါတီဝင်တွေအနေနဲ့ လူမှုကွန်ရက်တွေတိုးချဲ့ပြီး ကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေ ပိုမိုဆောင်ရွက်ကြဖို့မူဝါဒချမှတ်ဆောင်ရွက်ခဲ့တဲ့နောက်ပိုင်း အခုလို လူမှုကူညီရေးအဖွဲ့တွေ တိုးပွားလာနေတာ တွေ့ရပါတယ်။

# ရေဒီယိုသတ္တိကြွရေ ရပ်တန့်နိုင်ခဲ့ကြောင်း ဂျပန်အစိုးရက ပြောဆို

**VOA | ဧပြီ ၅ ။** ။ ဂျပန်နိုင်ငံမှာ ငလျင်နဲ့ ဆူနာမီရေလှိုင်းဒဏ်တွေ ခံခဲ့ရလို့ ထိခိုက်ပျက်စီးနေတဲ့ ဖူကူရှီးမား Fukushima ခရိုင်က နျူကလီး ယားစက်ရုံကနေယိုစီးပြီးထွက်နေတဲ့ ရေဒီယိုဓာတ်သတ္တိကြွရေတွေ ကိုရပ်တန့်နိုင်ခဲ့ပြီလို့ ဂျပန်အရာရှိတွေက ပြောပါတယ်။

ဒီစက်ရုံကိုတာဝန်ယူတဲ့ TEPCO ကုမ္ပဏီက ရေဒီယိုဓာတ်သတ္တိ ကြွမှုတွေ ယိုစိမ့်နေတာတွေကိုရပ်တန့်ဖို့ မနေ့က သူတို့ကြိုးစားခဲ့ ကြတာ တိုးတက်မှုရှိလာတဲ့အကြောင်း ဒီကနေ့ စောစောပိုင်းက ပဲပြော ပါတယ်။ အလုပ်သမားတွေက ရေဒီယိုဓာတ်သတ္တိကြွရေတွေ စီးတဲ့နေ ရာကို ခြေရာခံလိုက်ကြည့်ပြီး ဖန်အရည်ကြည်ပြားကို မြေကြီးထဲကိုထိုး သွင်းပြီး တားဆီးပိတ်ပင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

စက်ရုံကထွက်လာတဲ့ ရေဒီယိုဓာတ်သတ္တိကြွ အိုင်အိုဒင်းဓာတ် တွေက စက်ရုံနဲ့ကပ်လျက်ရှိနေတဲ့ပင်လယ်ထဲကို တချို့ရောက် ကုန် ပါပြီ။ TEPCO ကုမ္ပဏီက စက်ရုံကထွက်လာတဲ့ ရေဒီယိုဓာတ်သတ္တိကြွ ရေတန်ချိန် ၂,၈၀၀ လောက် ပင်လယ်ထဲကိုသွန်ခဲ့ပြီးပြီလို့ ဆိုပါတယ်။ သူတို့ရဲ့စမ်းသပ်မှုတွေအရ ရေဒီယိုဓာတ်သတ္တိကြွ အိုင်အိုဒင်းဓာတ် ရဲ့အဆင့်ဟာ ပြီးခဲ့တဲ့စနေနေ့ကထက်စာရင် တနင်္လာနေ့မှာ ကျဆင်း လာခဲ့တယ်လို့ဆိုပါတယ်။

ဂျပန်ရဲ့အနောက်ဘက်မှာရှိတဲ့ တောင်ကိုရီးယားနိုင်ငံကတော့ ဂျပန်က ရေဒီယိုဓာတ်သတ္တိကြွရေတွေ သူတို့ဆီရောက်လာမှာကို စိုး ရိမ်တဲ့အကြောင်းပြောနေပါတယ်။ အိန္ဒိယနိုင်ငံကတော့ ဂျပန်နိုင်ငံက တင်ပို့တဲ့စားသောက်ကုန်တွေအားလုံးကို ၃ လတိတိ ရပ်ဆိုင်းထားပါ တယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးကတော့ ဂျပန်အနေနဲ့ နျူကလီးယား စက်ရုံကအခြေအနေတွေကို ကုလသမဂ္ဂရဲ့ စည်းမျဉ်းစည်းကမ်းတွေ အတိုင်းလုပ်ဆောင်မှာဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း အ ခြေအနေတွေကို အသိပေးနေမယ်လို့ ဆိုပါတယ်။

အခု သူတို့ ပင်လယ်ထဲကိုသွန်ထားတဲ့ ရေဒီယိုသတ္တိကြွရေ တွေက ကျန်းမာရေးအတွက် ချက်ချင်းထိခိုက်နိုင်တဲ့အခြေအနေမရှိ သေးဘူး၊ နိုင်ငံတကာရေပိုင်နက်ဆိုင်ရာဥပဒေကိုလည်း ချိုးဖောက်ရာ မရောက်သေးဘူးလို့ ဆိုပါတယ်။

စက်ရုံရဲ့တောင်ပိုင်းကငါးတွေမှာတော့ ရေဒီယိုဓာတ်သတ္တိကြွမှု တွေရှိနေတာကို ပထမဆုံးတွေ့ထားရပြီလို့တော့ ဂျပန်အစိုးရက ပြောပါတယ်။ ဂျပန်ဝန်ကြီးချုပ် နာအိုတို ကန် Naoto Kan ကတော့ အခုအဖြစ်အပျက်ကြောင့် ထိခိုက်ပျက်စီးမှုအားလုံးကို အစိုးရက အစ အဆုံးတာဝန်ယူပါ့မယ်လို့ မနေ့ကပဲပြောခဲ့ပါတယ်။

## ရှေ့ဆောင်လမ်းပြသူ အမျိုးသမီးဆု ဒေါ်စုချီးမြှင့်ခံရ

**RFA | ဧပြီ ၈ ။** ။ အမေရိကန်ပြည်ထောင်စုအခြေစိုက် Vita Voices Global Partnership အဖွဲ့က သူတို့ရဲ့ ၁၀ ကြိမ်မြောက် Global Leadership Award ဆုရှင် ၆ ဦးထဲကတဦးအဖြစ် ဒေါ် အောင်ဆန်းစုကြည်ကို ၂၀၁၁ ခုနှစ် အတွက် ရွေးချယ်ချီးမြှင့်ကြောင်း ကြေညာလိုက်ပါတယ်။

ဆုရှင် ၆ ဦးထဲမှာ ၁၀ ကြိမ်မြောက်အထူးဆုအဖြစ် Trail-Blazer လို့ခေါ်တဲ့ ရှေ့ဆောင်လမ်းပြသူအမျိုးသမီးဆုကိုတော့ ဒေါ် အောင်ဆန်းစုကြည်ကိုချီးမြှင့်မယ်လို့သိရပါတယ်။ ဒီဆုအတွက် ဒေါ် အောင်ဆန်းစုကြည်ကို ရွေးချယ်ခဲ့ရတာနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ပြော ခွင့်ရသူ Ms. Flavia Draganus က အခုလိုပြောပြပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ဖော်ဆောင်ဖို့ ကြိုးစားနေတာကြောင့်မို့ စွန့်ဦးတည်ထွင်သူအမျိုးသမီးဆုချီးမြှင့်ဖို့ ရွေး ချယ်ခဲ့ရတာပါလို့ သူကပြောပြသွားပါတယ်။

ဒီဆုဟာ အမျိုးသမီးတွေကိုပဲ နှစ်စဉ်ရွေးချယ်ချီးမြှင့်နေတဲ့ ဆုဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ Global Leadership Award ဆုကိုရတဲ့ အမျိုးသမီး ၅ ဦးကတော့ အိန္ဒိယနိုင်ငံက လူကုန်ကူးမှုတိုက် ဖျက်ရေးခေါင်းဆောင်အမျိုးသမီး မစ္စဆုနီသာခရစ္စနမ်၊ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆောင်ရွက်နေတဲ့ အမျိုးသမီး ၂ ဦး၊ကင် မရွန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ခါဝေါလာ ၊ အာဖဂန်နစ္စတန်နိုင် ငံက စီးပွားရေးလွတ်လပ်ခွင့်အတွက်လှုပ်ရှားနေသူ ဖာတမာအက်ခ် ဘာရီတို့ ဖြစ်ကြောင်းသိရပါတယ်။

ဆုပေးပွဲကို ဧပြီလ ၁၂ ရက်နေ့ အမေရိကန်ပြည်ထောင်စု မြို့တော် ဝါရှင်တန်ဒီစီမြို့မှာရှိတဲ့ ဂျွန်အက်ဖ်ကနေဒီစင်တာမှာ ကျင်း ပမှာဖြစ်ပြီး၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် ကိုယ်တိုင် တက်ရောက်ဆုချီးမြှင့်မယ်လို့သိရပါတယ်၊ ဒါ့အပြင် လူ မှုရေးလုပ်ငန်းတွေလုပ်နေတဲ့ နာမည်ကျော်ဟောလီးဝုဒ် ရုပ်ရှင်မင်း သမီးတွေနဲ့ CNN လိုရုပ်သံဌာနက နာမည်ကျော်ပုဂ္ဂိုလ်တွေလည်း တက်ရောက်မယ်လို့ သိရပါတယ်။

## မြန်မာ့ရေနံနဲ့ဓာတ်ငွေ့ရရှိဖို့တရုတ်ဆေးရုံဆောက်ပေး

**RFA | ဧပြီ ၈ ။** ။ မြန်မာ့ရေနံနဲ့သဘာဝဓာတ်ငွေ့ကို တရုတ် ပြည်က ပိုက်လိုင်းကတဆင့်ရယူဖို့စီစဉ်နေရာမှာ မိုင်ငါးရာကျော် ရှည်လျားတဲ့ပိုက်လိုင်း သွယ်တန်းရေးလုပ်ငန်းမြန်ဆန်အောင် အား ပေးတဲ့အနေနဲ့ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း CNPC က မြန် မာပြည်အတွက်ဆေးရုံတွေဆောက်လုပ်ဖို့ ဒေါ်လာ ၆ သန်း ကူညီ မယ်လို့ကမ်းလှမ်းလိုက်ပါတယ်။

မကြာခင်က တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင် တယောက်ဖြစ်တဲ့ မစ္စတာကျာချင့်လင် မြန်မာနိုင်ငံကိုရောက်ရှိနေစဉ် အတွင်း CNPC က အခုလိုကမ်းလှမ်းခဲ့တာပါ။

တရုတ်ပြည်ဟာ မြန်မာ့ရေနံနဲ့ဓာတ်ငွေ့ရရှိရေးအတွက် အိန္ဒိယ နဲ့ပြိုင်ဆိုင်နေတာဖြစ်ပါတယ်။ လစ်ဗျားအရေးကြောင့် ရေနံဈေးကွက် မရေမရာဖြစ်နေချိန်မှာ တရုတ်ပြည်ဟာ မြန်မာ့ရေနံလုပ်ငန်းနဲ့ ဆက်ဆံ ရေးပိုပြီးကျယ်ပြန့်အောင်လုပ်ဆောင်နေပါတယ်။

ဒီအတွင်း တရုတ်ရေနံကုမ္ပဏီကြီးနောက်တခုဖြစ်တဲ့ ပက်ထရို ချိုင်းနားကုမ္ပဏီကလည်း မြန်မာ့ဓာတ်ငွေ့ပိုမိုရယူဖို့အစီအစဉ်နဲ့ မြန် မာနယ်စပ် ရှင်ကျင်းပြည်နယ် ဟူတူဘီမြို့မှာ ဓာတ်ငွေ့ကုဗမီတာ လေးဘီလျံသိုလှောင်နိုင်တဲ့ အဆောက်အဦကြီးတခု တည်ဆောက် နေပါတယ်။ မစ္စတာကျာချင့်လင်ဟာ မြန်မာအစိုးရသစ်ပေါ်ပေါက်လာ အပြီး ပထမဆုံးလာရောက်တဲ့ နိုင်ငံခြားခေါင်းဆောင်ဖြစ်ပါတယ်။သူ့ရဲ့ မြန်မာပြည်ခရီးစဉ်ဟာ မြန်မာအစိုးရသစ်အပေါ် တရုတ်ပြည်က ဆက် လက်ထောက်ခံအားပေးနေမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ကြောင်း လေ့လာ သူတွေကဆိုပါတယ်။

တရုတ်သမတ ဟူကျင်းတောင်ကလည်း မြန်မာအစိုးရသစ် အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့ပြီး မြန်မာအစိုးရကိုဝေ ဖန်နေတဲ့ နိုင်ငံခြားခေါင်းဆောင်တွေကို ပြစ်တင်ပြောဆိုခဲ့ပါတယ်။




# သတင်းကြုံကြိုက်

**မတ် ၃၁ ၊** WTN-AFP ။ ။ Mitch McConnell Dianne Feinstein Barbara Boxer, Mark Kirk တို့ လွှတ်တော်အမတ် ၄ ဦးသည် မြန်မာအပေါ် အမေရိကန်သည် ဗိုင်ရှင်များမလျှော့ရန် မရှုတ်သိမ်းရန်နှင့် ထိုအစား အထူးသံတမန်ခန့်အပ်ရန်စာရေးတောင်းဆို၏။

**ဧပြီ ၁ ၊** HRW ။ ။မြန်မာအစိုးရသစ်သည် ကုလစံများနှင့်မညီ ဒီမိုကရေစီအစစ်ကိုသယောင်သော လုပ်ကြံဒီမိုကရေစီသာဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့ Human Rights Watch မှဆို၏။

**ဧပြီ ၂ ၊** WTN-AFP ။ ။ အိုဘားမားအစိုးရသည် ပထမဦးဆုံးအဖြစ် မြန်မာတာဝန်ခံ အထူးသံတမန်အဖြစ် Derek Mitchell အားခန့်အပ်ဖွယ်ရှိကြောင်း၊

**ဧပြီ ၃ ၊** Japan Times ။ ။ (တိုင်းပြည်ကြီးတော့) အစိတ်စိတ်အမွှာမွှာဖြစ်ပြီးပျက်စီးပါပြီ Everything is Broken (နာမည်ကြီးသီချင်းရှိ၏။)ခေါင်းစဉ်ဖြင့် ကလောင်အမည် Emma Larkin ဆိုသူမှ မြန်မာအခြေအနေအကြောင်းရေးသား၏။

**ဧပြီ ၄ ၊** Asian Correspondent ။ ။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အဲန်အဲလ်ဒီ(လူငယ်) တို့ကိုထောက်ခံကာကူညီ၍ အရေးပေါ်လူနာများသို့ သွေးလှူခြင်းတွင်ကူညီခြင်း စသည့် လူသားချင်းစာနာမှု ပြုလုပ်နေသူစစ်မှုထမ်းဟောင်း နေမျိုးဇင်အား အာဏာပိုင်များမှဖမ်းဆီးခဲ့၏။

**ဧပြီ ၄ ၊** BP ။ ။ အစိုးရသစ်အမည်ဖြင့် မြန်မာသည် ဆက်လက်ဆုတ်ယုတ်မှုသို့ဦးတည်ကြောင်း။

**ဧပြီ ၄ ၊** GMA News ။ ။ ဖိလစ်ပိုင်သည် မြန်မာလျှင်ဘေးသို့ ဒေါ်လာ ၅ သောင်းလှူဒါန်း၏။

**ဧပြီ ၄ ၊** Mizzima ။ ။ အမည်မျိုးစုံပြောင်းခဲ့သည့် စစ်အစိုးရအဆက်ဆက်သည် ဗိုလ်ချုပ်သန်းရွှေမိသားစုသို့ ပြည်သူပိုင် အိမ်မြေ ခြံ ရွှေငွေကျောက်သံပတ္တမြားများ နည်းမျိုးစုံဖြင့် ပြောင်းလဲပေးခဲ့ကြောင်း စီးပွားရေးလောကများမှသိရ၏။

**ဧပြီ ၄ ၊** Mizzima ။ ။ ရှမ်းအဲန်အဲလ်ဒီသည် လျှင်ဒုက္ခသည်များသို့ တမိသားစုလျှင် ပျမ်းမျှ တလ ကျပ်ငါးထောင်ထောက်ပံ့မည်ဟုဆို၏။

**ဧပြီ ၄ ၊** Monsters and Critcs ။ ။ နယ်ပြောင်းအလုပ်သမများ၊ ဒုက္ခသည်များအား အဓမ္မပြုကျင့်ရန် ရဲဟန်ဆောင်သူအား ထိုင်းရဲမှဖမ်းဆီး၏။

**ဧပြီ ၅ ၊** Australian ။ ။ နအဖ ဗိုလ်ချုပ်သန်းရွှေသည် လွယ်လွယ်နှင့်အာဏာပြောင်းပေးဖွယ်မရှိကြောင်း Elizabeth Hughes မှ သတင်းဝေဖန်၏။

**ဧပြီ ၅ ၊** Mizzima ။ ။ ကေအင်ယူ KNU သည် နအဖ အစိုးရသစ်အာ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုး၍ တိုင်းရင်းသားအဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန်တောင်းဆို၏။

**ဧပြီ ၅ ၊** DVB ။ ။ မြန်မာလွှတ်တော်သစ်တွင်း အမိက ဒီမိုကရေစီပါတီတခုဖြစ်သည့် NDF ပါတီခေါင်းဆောင်ပိုင်းသည် အယူကွဲလာပြီး ဦးခင်မောင်ဆွေအုပ်စုနှင့် ဦးသိန်းညွန့်အုပ်စုဟူ၍ကွဲနေကြောင်း။

**ဧပြီ ၅ ၊** FORT WAYNE ။ ။ ဒါရိုက်တာ Rex Bloomstein ၏ This prison where I Live အမည်ဖြင့် ဇာဂနာ၏လုပ်ရှားမှု နိုင်ငံရေးအကျဉ်းသားဖြစ်ရမှုအကြောင်း သရုပ်ဖော် ရုပ်ရှင်ကို ဤမြို့တွင် ဧပြီ ၄ နေ့က မြန်မာပရိသတ်ရှေ့တွင်ပြနိုင်ခဲ့၏။ မလွတ်လပ်သော ဇာဂနာအကြောင်းနှင့် လွတ်လပ်သော ဂျာမန်လူရွှင်တော် Michael Mittermeier တို့အကြောင်းယှဉ်ပြထား၏။

**ဧပြီ ၅ ၊** News agencies ။ ။ သမတသစ်ဦးသိန်းစိန်အစိုးရအား အစိုးရသစ်ဖွင့်ပွဲမိန့်ခွန်းများတွင် ပြောခဲ့သလို သန့်ရှင်းသော၊ လာဘ်ပေးလာဘ်ယူကင်းသည့် အစိုးရဖြစ်ရန် စသည့် ကတိများတည်ရန် ဒီမိုကရေစီအဖွဲ့များမှ သတိပေးတောင်းဆို၏။

**ဧပြီ ၆ ၊** AFP ။ ။ အမေရိကန်သည် မြန်မာအပေါ်ပိတ်ပင်မှု ဗိုင်ရှင်များကို ရုတ်သိမ်းမည်မဟုတ်ဟုဆို၏။

**ဧပြီ ၆ ၊** StarOnline, KL ။ ။ မလေးရှားရှိ လင်းခေးလူဝင်မှုအချုပ်မှ မြန်မာများအပါအဝင် လူ ၁၀၅ ဦးခန့်လွတ်သွားရာ ၅၈ ဦးပြန်မိကြောင်း။

**ဧပြီ ၆ ၊** RFA ။ ။ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း မြို့နယ်အချို့တွင် ၅ နှစ်မှ ၁၂ နှစ်အတွင်း ကလေးများပျောက်ဆုံးမှုဖြစ်နေကြောင်း ဤသတင်းဌာနမှကြားသိရ၏။

**ဧပြီ ၆ ၊** Deccan Herald ။ ။ နအဖတဖြစ်လဲ မြန်မာအစိုးရသစ်သည် ဗိုလ်ချုပ်သန်းရွှေ၏ဒီမိုကရေစီသို့ လမ်းပြမြေပုံကို ချီးမွမ်းသလိုဖြစ်နေသော်လည်း ဒီမိုကရေစီနှင့် လားလားမှ မနီးစပ်သေးကြောင်း Jody Williams နှင့် တင်တင်ညိုတို့မှသတင်းဝေဖန်၏။

**ဧပြီ ၆ ၊** Financial Times ။ ။ မြန်မာ၏တရုတ်နယ်စပ်လောင်းကစားမြို့ မုန်းလားသည် စီးပွားရေးအရ ပစ္စည်းကရိယာများအရ တရုတ်စီးပွားရေးနှင့်သြဇာလွှမ်းနေကြောင်းထင်ရှား၏။

**ဧပြီ ၆ ၊** BKK Post ။ ။ မြန်မာတွင် အစိုးရအမည် မည်သို့ပြောင်းပြောင်း ဒီပုပ်ထဲက ဒီပဲ စစ်အာဏာရှင်စနစ်ပါဘဲဟု သတင်းစာအာဘော်မှဝေဖန်၏။

**ဧပြီ ၆ ၊** Irrawaddy ။ ။ တာလေမြို့စသည့် လျှင်ဒဏ်ထိနေရာများတွင် အမိကစိုးရိမ်ရမှုသည် ကျန်းမာရေးဖြစ်ကြောင်း။

**ဧပြီ ၆ ၊** Mizzima ။ ။ မြန်မာစစ်တပ်ပိုင် Union of Myanmar Holdings Ltd. UMEHL နှင့် တရုတ်မှ Guandong Zhenrong Energy တို့သည် ဓာတ်ဆီသန့်စင်စက်တည်ထောင်ရန် မကြာမီက သဘောတူစာချုပ်ခဲ့၏။ တနှစ်လျှင် ရေနံကြမ်းတန် ငါးသန်းထုတ်အထိထုတ်လုပ်နိုင်မည်။

**ဧပြီ ၆ ၊** Mizzima ။ ။ NLD သည် တာလေမြို့ လျှင်ဒဏ်ဘေးသင့်သူများသို့ ဒေါ်လာ ၂၀၀၀ တောင်ကြီးရုံးခွဲမှတဆင့် ကူညီမည်။

**ဧပြီ ၆ ၊** Mizzima ။ ။ စည်းကမ်းများတင်းကြပ်လွန်း၍ သင်္ကြန်ရေကစားစင်မဏ္ဍပ်နည်းဖွယ်ရှိကြောင်း။

**ဧပြီ ၆ ၊** AP ။ ။ ရန်ကုန်တွင်ဗုံးတလုံးကို တရက်၂ ရက်ခန့်က စနက်ဖြုတ်နိုင်ခဲ့ကြောင်း မြန်မာတီဗွီမှဆို၏။

**ဧပြီ ၆ ၊** ADB ။ ။ ၂၀၁၂ တွင် အာဆီယံတွင် မြန်မာသည် ငွေအဖောင်းပွဆုံးနိုင်ငံဖြစ်လာမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် အေဒီဘီ မှယနေ့ဆို၏။

**ဧပြီ ၆ ၊** ReliefWeb ။ ။ မတ် ၂၄ မြန်မာ လျှင်ဒုက္ခသည်များအား ကူညီရန် CBM သည် ကြိုးပမ်းနေကြောင်း။

**ဧပြီ ၇ ၊** Mizzima ။ ။ NDF အပါအဝင် နိုင်ငံရေးအဖွဲ့ ၁၀ ဖွဲ့ပါသောအုပ်စုသည် ပြည်ထောင်စုဆွေးနွေးပွဲလွှတ်တော်တွင် အဆိုတင်သွင်းကြောင်း။

**ဧပြီ ၇ ၊** Irrawaddy ။ ။ အမေရိကန်သည် မြန်မာ၏ ဒေသတွင်းလက်နက်ဖြည့်ဆီးမှုများအတွက် စိတ်ပူကြောင်းဖြင့်ဆို၏။ **စာမျက်နှာ ၁၃ သို့**

# ပြည်မြို့စက်မှု ၁ စက်ရုံမှူး ဈေးဆိုင်များအား အင်အားသုံးဖယ်ရှားမှု မအောင်မြင်

**Mizzima ၊ ဧပြီ ၅ ။** ။ စက်မှု ၁ ပိုင်မြေကိုငှားရမ်းကာ ဆောက်လုပ်ရောင်းချခဲ့သောဈေးဆိုင် ၄၁ ဆိုင်အား စက်ရုံမှူးက အင်အားသုံးဖယ်ရှားရန်ကြိုးစားရာ အရပ်သားများကဝိုင်းအော်သည့်အတွက် မအောင်မြင်ဘဲပြန်သွားရမှု ပြည်မြို့နယ်တွင် တနင်္ဂနွေနေ့ကဖြစ်ပွားခဲ့သည်။

ပဲခူးတိုင်း၊ ပြည်မြို့နယ် သံတရောင်းလမ်းပေါ်ရှိ တက္ကသိုလ်ရှေ့၌ စက်မှု ၁ ပိုင်မြေပေါ်တွင်ဆောက်လုပ်ထားသည့် မြစ်နန္ဒာရေခဲစက်ရုံတိုက်တန်းမှဆိုင်ပစ္စည်းများအား စက်ရုံမှူးဗိုလ်ကြီးဟောင်း ဦးတင့်လွင်က ဝန်ကြီးဌာနအမိန့်ဟုဆိုကာ ပြင်ပအလုပ်သမားများဖြင့် ဧပြီလ ၃ ရက်နေ့တွင်ဆွဲထုတ်ရာ ဈေးဆိုင်ပိုင်ရှင်များက "မတရားပါဘူး" ဟု ဝိုင်းအော်သဖြင့် အစီအစဉ်ပျက်သွားသည်။ စက်ရုံဝင်းလစဉ်မြေငှားခကို ပိုမိုတောင်းရာက ဈေးသည်များနှင့် သဘောတူညီမှုမရသည့်နောက်ပိုင်း စက်ရုံမှူးက ဆိုင်ဖျက်ရန်ကြိုးစားခြင်းဖြစ်သည်။

"အမိန့်ဆိုပြီး လက်မှတ်မပါတဲ့မိတ္တူစာရွက်ပဲပါတယ်။ နေ့စားအလုပ်သမားတွေကိုချောဆွဲခေါ်လာပြီး၊ ပစ္စည်းတွေဆွဲထုတ်ပြီး လမ်းမှာပုံခိုင်းတယ်။ မတရားဘူးဆိုပြီး ကျမတို့ကအော်တော့ လူတွေဝိုင်းလာပြီး အကုန်လုံးဝိုင်းအော်တာနဲ့ ပြန်သွားတာ" ဟု ဆိုင်ရှင်တဦးက မဇ္ဈိမကိုပြောသည်။

အခင်းဖြစ်ပွားမှုကိုကိုယ်တိုင်တွေ့ရှိခဲ့သူ မြို့ခံတဦးကလည်း "ကား ၃ စီးနဲ့ အလုပ်သမားတွေခေါ်လာတာ။ ဆိုင်ထဲကပစ္စည်းတွေဆွဲချတဲ့အချိန် လူတွေကဝိုင်းလာပြီး အကုန်လုံးက မတရားပါဘူး အော်ကြတော့တာ။ လမ်းမကြီးမှာ လူတွေအပြည့်ပဲ" ဟုဆိုသည်။

လွန်ခဲ့သည့် ၇ နှစ်ကျော်ကပင် ရေခဲစက်ရုံပိုင်မြေကို ငှားရမ်းကာ ကိုယ်ပိုင်ငွေဖြင့် ဆိုင်ခန်းများဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုင်ရှင်များကပြောသည်။ ဆိုင်ခန်းမှာ ထပ်ခိုးပါ ၂ ထပ် အဆောက်အဦးဖြစ်ပြီး တခန်းလျှင် ၁၀ ပေ X ၂၅ ပေ ကျယ်ဝန်းကာ၊ ကာလတန်ဖိုး ကျပ် သိန်း ၅၀ မှ သိန်း ၈၀ အထိကုန်ကျခဲ့ပြီး မြေငှားခမှာ တလလျှင် ကျပ် ၅၅၀၀ ပေးသွင်းနေကြသည်ဟုဆိုသည်။

ဆိုင်ခန်းများဖယ်ရှားခိုင်းရာတွင် အစိုးရပိုင်အဆောက်အအုံ ဥပဒေဖြင့် စက်ရုံအာဏာပိုင်က လွန်ခဲ့သည့်တနှစ်ခန့်ကတည်းက Notice စာများ မကြာခဏပေးပို့နေခဲ့သည်။ သို့သော် ဆိုင်ရှင်များကမူ ၎င်းတို့ပိုင်ဆိုင်သည့်အဆောက်အအုံဟုဆိုကာ ပြောင်းရွှေ့ရန် ငြင်းဆန်လာခဲ့ပြီး၊ ဆိုင်များကိုဆက်လက်ဖွင့်လှစ်နေသည်။

မြစ်နန္ဒာရေခဲစက်ရုံမြေအား ပြီးခဲ့သည့်နှစ် နှစ်ဦးပိုင်းတွင် ပုဂ္ဂလိကသို့လေလံတင်ရာ AA ဆေးဝါးကုမ္ပဏီက ကျပ်သိန်း ၅၈၀၀ ဖြင့် လေလံအောင်ခဲ့ကြောင်း မြို့ခံများကပြောဆိုကြသည်။ဆောက်လုပ်စဉ်က စာချုပ်ချုပ်ရာ နှစ်အကန့်အသတ်မပါဝင်သည်ကို အခွင့်ကောင်းယူ၍ လေလံပစ်ရာတွင် ဆိုင်ခန်းများကိုပါ ထည့်ရောင်းခဲ့ကြောင်း ဆိုင်ရှင်များကလည်း ပြောပြသည်။

၎င်းတို့ငွေဖြင့်ဆောက်ထားသည့် ဆိုင်များဖြစ်သဖြင့် မရွှေ့ပြောင်းရေးအတွက် ဆိုင်ရှင်များက နေပြည်တော်တရားရုံးချုပ်သို့ ယခုနှစ်ဆန်းပိုင်းတွင်လျှောက်ထားကာ၊ သမ္မတထံသို့ပါ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အသနားခံစာပေးပို့ခဲ့ကြသေးသည်။ အခြေမပျက်ဆက်လက်နေရန် ဆိုင်ခန်းမြေကိုဆက်လက်ငှားရမ်းခြင်း သို့မဟုတ် ရောင်းချပေးရန်ညှိနှိုင်းလိုသည်ဟု ဆိုင်ရှင်များကဆိုသည်။

"ရေအိုင်တွေကိုမြေဖို့ပြီး ဆောက်ခဲ့ရတာ။ ၁ ကနေ စထားတဲ့နေရာဆိုတော့ လျော်ကြေးရဖို့ထက် ဒီမှာပဲအခြေမပျက် နေချင်တယ်၊ ပြောင်းရရွှေ့ရဆိုဘဝပျက်မယ့်မိသားစုတွေ ဒီမှာအများကြီး" ဟု အခြားဆိုင်ရှင်တဦးကပြောသည်။

စက်ရုံမှူးဦးတင့်လွင်ထံဆက်သွယ်မေးမြန်းရာ ၎င်းတွင် စာရွက်စာတမ်းအထောက်အထားများရှိသည်ဟုသာပြောဆိုပြီး၊ အသေးစိတ်ကိုတယ်လီဖုန်းဖြင့်မပြောလိုဟုဆိုသည်။ ဝန်ထမ်းသက်သာချောင်ချိရေးခေါင်းစဉ်ဖြင့် ဌာနပိုင်မြေလွတ်များ၌ ဆိုင်ခန်းများကို နှစ်ကန့်သတ်ချက် သို့မဟုတ် ကန့်သတ်ချက်မပါဘဲ ဆောက်လုပ်ဖွင့်လှစ်ခွင့် ပြုလေ့ရှိသည်။ ဆေးရုံဟောင်းအနီးရှိ အမှတ် ၁ ရဲတိုက်တန်းတွင်လည်း ငှားရမ်းထားသည့်ရဲဌာနမြေပေါ်ရှိ ဆိုင်ခန်းများအား ဖယ်ရှားခိုင်းသဖြင့် ဆိုင်ရှင်များက အဆောက်အအုံများဖြိုချကာ ဖယ်ရှားပေးခဲ့ရသေးသည်။ အလားတူ အမှတ် ၁၊ ၂ ရဲတိုက်တန်း၊ ဗဟိုမီးသတ်တိုက်တန်း၊ ပြန်ကြားရေးတိုက်တန်း၊ ဆောက်လုပ်ရေးတိုက်တန်းတို့မှာ မြို့အချက်အခြာနေရာများတွင် တည်ရှိသည်။

---

# NLD ရွေးကောက်ပွဲဝင်ရင် NDF ပြန်ပူးပေါင်းလို

**BBC ၊ ဧပြီ ၅ ။** ။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဟာ တရားဝင်နှစ်ခြမ်းကွဲသွားပြီလို့ သင်္ကန်းကျွန်းမြို့နယ်အခြေစိုက် အမျိုးသားဒီမိုကရေစီအင်အားစုခေါင်းဆောင်ကပြောဆိုပြီး NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်မယ်ဆိုရင် NLD နဲ့ပြန်လည်ပူးပေါင်းလိုတယ်လို့လည်း ထုတ်ဖော်ပြောပါတယ်။

NDF အမျိုးသားဒီမိုကရေစီအင်အားစုပါတီထဲမှာပါဝင်တဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေ တရားဝင်လမ်းခွဲလိုက်ကြပြီဆိုတဲ့သတင်းနဲ့ ဦးသိန်းညွန့်ခေါင်းဆောင်တဲ့ NDF ပါတီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြန်လည်ပူးပေါင်းလိုတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာခဲ့အပြီး မှာ သင်္ကန်းကျွန်းမြို့နယ်အခြေစိုက် NDF ပါတီရဲ့ ဒုတိယခေါင်းဆောင်ဦးသိန်းညွန့်က ဘီဘီစီကိုအခုလိုပြောခဲ့တာဖြစ်ပါတယ်။

NDF ပါတီကို ငွေကြေးအရှုပ်အရှင်းကင်းပြီး လူအများလေးစားတဲ့ ဂုဏ်သိက္ခာရှိပါတီတရပ်အဖြစ်ထူထောင်ဖို့ ပါတီကိုနှစ်ခြမ်းခွဲလိုက်ပြီဆိုတာ ပြီးခဲ့တဲ့ဧပြီလ ၁ ရက်နေ့ကကြေညာခဲ့ပြီးဖြစ်တယ်လို့ ဦးသိန်းညွန့်ကပြောပါတယ်။ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ကိုလည်း တိုက်တွန်းတယ်လို့သူကဆိုပါတယ်။

နှစ်ပေါင်း ၂၀ ကျော်လက်တွဲလာခဲ့တဲ့ NLD လုပ်ဖော်ကိုင်ဖက်ရဲဘော်တွေကို သံယောဇဉ်ရှိတာကြောင့် နောက်ထပ် ရင်းနီးပေးဆပ်ရမှာတွေကိုမဖြစ်စေလိုတော့ဘူး၊တိုင်းပြည်နဲ့ပြည်သူတွေရဲ့မျက်နှာကိုထောက်ထားပြီး လက်ရှိ မြန်မာ့နိုင်ငံရေးရဲ့နက်ရှိုင်းမှုနဲ့ ရှေ့မှာဖြစ်ပေါ်လာမယ့် နိုင်ငံရေးအခြေအနေတွေအပေါ်မှာ မှန်ကန်တဲ့မဟာဗျူဟာကို သုံးစေချင်တယ်လို့ ဦးသိန်းညွန့်ကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်နိုင်ငံရေးနဲ့ပတ်သက်ပြီး သူ့ရဲ့သဘောထားကိုသိလိုတယ်ဆိုရင်လည်း ရှင်းပြဖို့အသင့်ရှိပါတယ်လို့ သင်္ကန်းကျွန်းမြို့နယ်အခြေစိုက် NDF ပါတီရဲ့ ဒုတိယခေါင်းဆောင် ဦးသိန်းညွန့်က ဘီဘီစီကိုပြောပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဆက်ပြီးဒဏ်ဦးမယ်

အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ဒဏ်ခတ်ပိတ်ဆို့မှုကို ဆက်လက်ထားရှိမယ်လို့ဆုံးဖြတ်လိုက်ပါတယ်။ မြန်မာနိုင်ငံမှာအရပ်သားအစိုးရအဖြစ် ပြောင်းလဲသွားပြီဖြစ်ပေမဲ့လည်း ဒဏ်ခတ်ပိတ်ဆို့မှုဖယ်ရှားဖို့လိုအပ်တဲ့ ပတ်ဝန်းကျင်အခြေအနေမရှိသေးဘူးလို့ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကပြောဆိုပါတယ်။ (AFP, 6.4.2011)

## ကတိတည်ရမယ်နော် သမတသစ်

မြန်မာနိုင်ငံမှာ သမတအဖြစ်တာဝန်ယူနေပြီဖြစ်တဲ့ဦးသိန်းစိန်က ကျမ်းကျိန်ပြီးတဲ့နောက် သန့်ရှင်းတဲ့အစိုးရဖြစ်စေရမယ်လို့ သမတရာထူးရယူပြီးနောက်ပြောခဲ့တဲ့မိန့်ခွန်းထဲမှာပြောဆိုခဲ့ပါတယ်။ အဲဒါကို ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီ ၁၀ ပါတီ မဟာမိတ်ပြုထားတဲ့ ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့က သမတအနေနဲ့ ပြောခဲ့တဲ့ကတိစကားအတိုင်း အကျင့်ပျက်လာဘ်စားမှုကင်းမဲ့တဲ့အစိုးရ ဖြစ်စေရေးကို လုပ်ဆောင်ဖို့လိုတယ်လို့ပြောဆိုလိုက်ပါတယ်။ (ASIAN CORRESPONDENT, 6.4.2011)

## သင်္ကြန်နီးလာလို့ဒွ

မြန်မာနိုင်ငံမှာ စစ်ယူနီဖောင်းချွတ် ပူပူနွေးနွေးအစိုးရက ရန်ကုန်မြို့ ဆူးလေစေတီအနီးပတ်ဝန်းကျင်မှာ ဗုံး ၂ လုံးထောင်ထားတာကိုတွေ့ရလို့ မပေါက်ကွဲအောင်လုပ်ခဲ့ရတဲ့အကြောင်း အစိုးရရဲ့မီဒီယာတွေကကြေညာပါတယ်။ သင်္ကြန်နားနီးလို့ အဲဒီလိုကြေညာတာလားဆိုတဲ့ ပြောသံတွေလည်းရှိနေပါတယ်။ (AP, 6.4.2011)

## မြန်မာနိုင်ငံသို့ ပြန်စေချင်တယ်

ထိုင်းနိုင်ငံတပ်ခ်ခရိုင်အုပ်ချုပ်ရေးမှူးကမဲဆောက်ဒေသမှာရှိတဲ့ မြန်မာနိုင်ငံသားဒုက္ခသည်တွေအနေနဲ့ကိုယ့်သဘောနဲ့ကိုယ်မြန်မာနိုင်ငံသို့ပြန်စေချင်တယ်လို့ပြောပါတယ်။ ထိုင်းအနေနဲ့ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုဖို့အစီအစဉ်မရှိဘူးလို့လည်းဆိုပါတယ်။ ဒါ့အပြင် နိုင်ငံခြားတိုင်းပြည်တွေအနေနဲ့လည်း ကူညီထောက်ပံ့မှုတွေကိုလျှော့ပေးတာတွေလုပ်ရင် အဲဒီလူတွေ မြန်မာနိုင်ငံကိုပြန်စေဖို့အားပေးရာ ရောက်တယ်လို့ပြောဆိုပါတယ်။ (ALERTNET, 5.4.2011)

## လျှောင်ခံဒေသမှ ကာလဝမ်းရောဂါ

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်တွင် မတ်လ ၂၄ ရက်နေ့က လူပ်ခဲ့တဲ့ငလျင်ဘေးသင့်သူများအကြားမှာ ကာလဝမ်းရောဂါအနည်းငယ်ဖြစ်ပွားနေတယ်လို့သိရပါတယ်။ သန့်ရှင်းတဲ့သောက်သုံးရမှုမရှိတာနဲ့ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိတာကြောင့် လူ ၁၀၀ နီးပါး ဝေဒနာခံစားနေရပြီး အဲဒီအထဲမှာ ၄၈ ဦး ဟာ ဆိုးဆိုးရွားရွားခံနေရပါတယ်။ (XINHUA, 5.4.2011)

## သရုပ်ပျက်ဝတ်စားလျှင် ထောင်တလ

သင်္ကြန်နီးလာပြီဆိုတော့ နအဖ စစ်အစိုးရကိုဆက်ခံတဲ့ ဦးသိန်းစိန်အစိုးရကလည်း အရင်အတိုင်းပဲ သရုပ်ပျက်ဝတ်စား ဆင်ယင်မှုတွေလုပ်ရင်ဒဏ်ငွေရိုက်မယ့်အပြင်ထောင်တလလည်းချဦးမယ်လို့အမိန့်ထုတ်လိုက်ပါတယ်။ လူစုလူဝေးများတဲ့နေရာတွေမှာ စောင့်ကြည့်ကင်မရာတွေတပ်ဆင်ထားမှာဖြစ်ပြီး ဘယ်သူတွေဝတ်စားထားသလဲဆိုတာကိုသိနိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။ (AP, 3.4.2011)

## ကျန်းမာရေး အာမခံစနစ် ထူထောင်ရန်

ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဒေါက်တာအောင်ထွန်းသက်က အစိုးရသစ်အနေနဲ့ မြန်မာနိုင်ငံတွင်းမှာ ကျန်းမာရေးဘက်မှာပိုမိုငွေကြေးသုံးစွဲဖို့ ရင်းနှီးမြှုပ်နှံဖို့ တောင်းဆိုလိုက်ပါတယ်။ အဲဒါအပြင် ထိုင်းနိုင်ငံမှာလုပ်သလိုမျိုး အနိမ့်ဆုံးအဆင့်အနေနဲ့ ဆင်းရဲတဲ့သူတွေကို ဆေးကုသခ ဘတ် ၃၀ ပဲယူတဲ့စီမံချက်ကို အကောင်အထည်ဖော်သင့်တယ်လို့ တိုက်တွန်းအကြံပေးလိုက်ပါတယ်။ (IRIN, 4.4.2011)

## တရုတ်ကလာရောက် ကောင်းချီးပေးခြင်း

မြန်မာနိုင်ငံမှာ အစိုးရသစ်ပေါ်လာပြီးပြီးချင်း သမတဦးသိန်းစိန်အစိုးရကို ထောက်ခံအားပေးတယ်ဆိုတာကို ပြသတဲ့အနေနဲ့ တရုတ်ကွန်မြူနစ်ပါတီထဲမှာ ရာထူးအဆင့် ၄ နေရာရှိတဲ့ ရှာကျင်လင်ကို ကြပ်ပြေးနေပြည်တော်သို့စေလွှတ်လိုက်ပြီး မြန်မာနိုင်ငံကို အကူအညီအထောက်အပံ့တွေ ဆက်လက်ပေးမယ်လို့ပြောဆိုခဲ့ပါတယ်။ မြန်မာပြည်ကယူနီဖောင်းချွတ် အာဏာပိုင်တွေလည်း တရုတ်ကိုပဲအားထားနေရပါတယ်။ (UPI, VOB, 4.4.2011)

# ကားတိုက်မှုကြောင့် ထိုင်းနိုင်ငံမှာ မြန်မာအလုပ်သမား အများအပြားသေဆုံး

**VOA । ဧပြီလ ၄ ။** ။ ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာအလုပ်သမားတွေ လိုက်ပါလာတဲ့ ကားတစင်းနဲ့ ကုန်တင်ကား တစင်းတို့ ဒီနေ့မနက်ပိုင်းက တိုက်မိရာက ထိခိုက်သေဆုံးသူ အများ အပြားရှိခဲ့ပါတယ်။ ကျန်သူတွေကတော့ ဆေးရုံတင်ကုသထားရပြီးအခု အခါ သူတို့အတွက် အလုပ်သမားရေး လှုပ်ရှားသူတွေက လိုအပ်တဲ့ အကူအညီတွေပေးဖို့ ကြိုးစားနေကြတယ်လို့လည်းဆိုပါတယ်။ ဒီအ ခြေအနေကို စုံစမ်းထားတဲ့ ဗွီအိုအေထိုင်းအခြေစိုက် သတင်းထောက် ကိုကျော်ထင်က အပြည့်အစုံ တင်ပြပေးထားပါတယ်။

ထိုင်းနိုင်ငံ မြို့တော် အနောက်တောင်ဘက် မိုင် ၆၀ ကျော် လောက်အကွာမှာရှိတဲ့ စမုန့်စခွန်ခရိုင်၊ မဟာချိုင်မြို့နယ်၊ တလကုန်း ဈေးရှေ့မှာ ထိုင်းနိုင်ငံပိုင် Galland ရေထွက်ပစ္စည်းစက်ရုံက မြန်မာ အလုပ်သမားတွေကို တင်ဆောင်ထားတဲ့ ထွက်ခွာခါနီးဖယ်ရီကားကို အရှိန်မြှင့်မောင်းလာတဲ့ ကုန်တင်ကားတစင်းက ဝင်တိုက်ရာမှာ အများ အပြားသေဆုံးပြီး ထိခိုက်ဒဏ်ရာတွေလည်း ရခဲ့ကြတာဖြစ်ပါတယ်။

ယာဉ်တိုက်မှုဖြစ်တဲ့ နေရာကို သွားရောက်ခဲ့တဲ့ သေဆုံးသွားသူ တဦးရဲ့သားချင်းဖြစ်သူ မြန်မာအလုပ်သမား ကိုမြင့်သိန်းကတော့ မ တော်တဆမှုကြောင့် အနည်းဆုံး လူ ၁၅ ယောက်ပွဲချင်းပြီး သေဆုံး တယ်လို့ ဆိုပါတယ်။

"ကျနော် လက်ချိုးရေကြည့်တဲ့ အခါကျတော့ ၁၅ ယောက် လောက်တွေ့ခဲ့တယ်ပေါ့နော်။ ကျနော့်တူမက ထိပ်ဆုံးလောက်မှာဖြစ် တော့ ကျနော်အဲဒီအလောင်းတွေ ကျော်ဖြတ်ပြီး ကျနော့်တူမနဲ့ တွေ့ တဲ့အခါကျတော့ သူက ဒဏ်ရာစာရင်း မဟုတ်ဘဲ သေဆုံးသွားတဲ့ အခါကျတော့ သူ့ကိစ္စပဲ လိုက်လုပ်နေရတော့ ဒဏ်ရာရတဲ့ စာရင်းကိုခန့် မှန်းလို့ မရဘူးခင်ဗျ။"

ကျန်ဒဏ်ရာရတဲ့ ၅၇ ယောက်ကို မဟာချိုင်ဆေးရုံ၊ ဆီရိချိုင် အမှတ် ၅ ဆေးရုံနဲ့ စမုန့်စခွန် ဆေးရုံတွေဆီ ပို့လိုက်ပြီး ဆေးရုံတွေမှာပဲ ဒဏ်ရာကြောင့် နောက်ထပ် ၁ ယောက် သေဆုံးသွားတယ်လို့လည်း အကူအညီပေးသူတွေက ပြောကြပါတယ်။

ဒီမနက်ပိုင်း ဆေးရုံတွေရောက်ခဲ့တဲ့ အလုပ်သမားအရေး ကူညီ သူဦးကျော်သောင်းက သေဆုံးသူအများအပြားရှိခဲ့သလို အပြင်းအထန် ထိခိုက်ဒဏ်ရာ ရသူတွေလည်း ဆေးရုံပေါ်မှာ လောလောဆယ်ကုသ မှု ခံယူနေရတယ်လို့ ပြောပါတယ်။

"ကျနော်ရောက်သွားတဲ့အချိန်မှာအရေးပေါ်ခန်းမှာကုသနေတဲ့ ထိခိုက်ဒဏ်ရာရသွားတဲ့ အလုပ်သမား လေးငါးခြောက်ဆယ် အကုန် လုံးက ဆေးရုံဝတ်စုံတွေနဲ့၊ ပိုက်တန်းလန်း၊ တွန်းလှည်းတွေနဲ့ စောင့် သူတွေ တွေ့ခဲ့တယ်။ ဆေးရုံမှာ သေဆုံးတယောက်လို့ စက်ဝိုင်းဝိုင်းပြ ထားတာရှိတယ်။ အဲဒီမှာ နည်းနည်းကွဲလွဲတာက ကျနော်တို့အလောင်း ဝင်ကြည့်တဲ့ အခါမှာ ၆ လောင်း တနေရာ၊ ၇ လောင်း တနေရာ၊ နောက် တနေရာမှာ ၄ လောင်း တနေရာရှိတယ်။"

အလုပ်သမားအရေးကူညီတဲ့ မဟာချိုင် အခြေစိုက်လူ့အခွင့်အ ရေးဖွံ့ဖြိုးမှု ဖောင်ဒေးရှင်းတာဝန်ရှိသူ ကိုစိန်ဌေးကတော့ မတော်တဆ မှုမှာ သေဆုံးသူနဲ့ ထိခိုက်သူ အလုပ်သမားတွေအတွက် နစ်နာကြေးရဖို့ စတင်ကြိုးပမ်းနေပြီလို့ ပြောပါတယ်။

"အဓိကက သေဆုံးသွားတဲ့သူတွေ နစ်နာကြေးရဖို့ပေါ့နော်။ ဒဏ်ရာရတဲ့ လူတွေဆိုလည်း ဆေးကုတဲ့ စရိတ်ရဖို့၊ နစ်နာကြေးရဖို့ အတွက်ပေါ့နော်၊ ဒါတွေက နောက်ဆက်တွဲ ပြန်လိုက်ရမှာပေါ့လေ။ တယောက်ချင်းစီ၊ လူဦးရေက တအားများတဲ့အခါကျတော့၊ နောက် သူတို့စက်ရုံအနေနဲ့ ဘာတွေလုပ်ပေးသလဲ လိုက်ကြည့်ရဦးမယ်။ လော လောဆယ်မှာ သူတို့ရနိုင်မယ့်အခွင့်အရေးတွေကို ကျနော်တို့တွက် ချက်ထားတယ်။"

ထိခိုက်သေဆုံးသူ အများစုဟာ တရားဝင် အလုပ်သမားလက် မှတ်နဲ့ ယာယီပတ်စ်ပို့ ရှိကြတာမို့ အသက်အာမခံ ရှိသူတွေ ဖြစ်ပါတယ်။ မဟာချိုင်မှာ အခုလိုယာဉ်မတော်တဆဖြစ်ပြီး အများအပြားသေဆုံး တာ အရင်ကမရှိခဲ့ပါဘူး။ သေဆုံးသွားသူတွေကို စက်ရုံက အစီအစဉ်နဲ့ မဟာချိုင်က ဝပ်ကျပ်ဘုန်းကြီးကျောင်းမှာ မနက်ဖြန် စုပေါင်းသင်္ဂြိုဟ် ပေးမယ်လို့ သိရပါတယ်။

---

# ကြံ့ဖွံ့ပါတီအမတ်တွေကြား သဘောထားကွဲလွဲနေ

**BBC । ဧပြီ ၅ ။** ။ သူဝန်ကြီးမဖြစ်သင့်ဘူး၊ ငါဝန်ကြီးဖြစ်သင့် တယ် စသဖြင့် အကြောင်းတွေပေါ်မူတည်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေး ပါတီက လွှတ်တော်အမတ်တွေကြား သဘောထားတွေကွဲနေပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းအဖြစ် အတင်တည်ထောင်က တည်းကနေပါဝင်လုပ်ဆောင်ခဲ့တဲ့သူတွေနဲ့ နောက်ပိုင်း ပါတီအဖြစ်အ သွင်ပြောင်းပြီးမှရောက်လာတဲ့သူတွေကြားမှာ အမတ်ဘယ်သူဖြစ်ရေး နဲ့ ပတ်သက်လို့ မကျေနပ်မှုတွေဖြစ်နေကြတယ်လို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါ တီဝင်တဦးက ဘီဘီစီကိုပြောပါတယ်။

ရန်ကုန်တိုင်းမှာဆိုရင် ဦးတင်အောင်၊ ဒေါ်စမ်းစမ်းနွယ်၊ ဒေါ် စမ်းစမ်းဝင်း တို့ဆိုရင် အသင်းစထောင်ကတည်းကပါခဲ့ပြီး သူတို့တွေ က တိုင်းအဆင့်အမတ်တွေအဖြစ်သာ ရာထူးရခဲ့တယ်၊ သူတို့လိုဘဲ အ သင်းစတည်ကတည်းကပါဝင်ခဲ့တဲ့ ဦးမင်းသိန်း၊ ဦးတင်လှိုင်တို့ဆိုရင် ဘာရာထူးမှမတွေ့ရဘူး၊ ပိုပြီးထင်ရှားတာက ရန်ကုန်တိုင်း မဲ အောင် နိုင်ရေးအတွက် ရွေးကောက်ပွဲမှာအဓိကလုပ်ဆောင်ပေးခဲ့တဲ့ မြို့ တော်ဝန်ဟောင်း ဦးအောင်သိန်းလင်းဆိုရင် ဘယ်ရာထူးမှမရခဲ့ဘူး၊ အလားတူပဲ ပြည်ထောင်စုအဆင့်မှာလည်း အလားတူမကျေနပ်မှုတွေ ရှိတယ်လို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက တာဝန်ရှိသူတဦးက ပြောပါတယ်။

ဒီလိုမကျေနပ်လို့ပြောဆိုနေကြပေမယ့်လည်း ပါတီဝင်အဖြစ် က နှုတ်ထွက်ဖို့တော့ သူတို့မပြောဆိုကြပါဘူး။ နှုတ်ထွက်မယ်ဆိုရင် ပိုပြီးအခြေအနေဆိုးမှာကို သူတို့ကြိုသိနေကြလို့ဖြစ်တဲ့အကြောင်း သိ ရပါတယ်။

# ပဲခူးတိုင်းအနောက်ခြမ်းနဲ့ ဧရာဝတီတိုင်းမှာ ကလေးငယ်တွေ ပျောက်ဆုံးနေ

**RFA I ဧပြီ ၆ ။** ။ ပဲခူးတိုင်းအနောက်ဖက်ခြမ်း လက်ပံတန်းမြို့နယ်၊ ခမုံတိုက်နယ်၊ သာရဝေါနဲ့ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ အင်္ဂပူမြို့နယ်တွေမှာ အသက် ၅ နှစ်က ၁၂နှစ်အရွယ်ကလေးတွေပျောက်ဆုံးနေတယ်လို့ RFA က ကြားသိရပါတယ်။

ကလေးတွေကိုခေါ်ယူသွားသူတွေဟာ ဂိုဏ်းဖွဲ့လှုပ်ရှားနေသူတွေဖြစ်နိုင်တယ်လို့ ပဲခူးတိုင်း၊ သာယာဝတီမြို့ခံတဦးက အခုလိုပြောပါတယ်။

"အကုန်လုံးပျောက်တဲ့ကလေးတွေက သာရဝေါတိုက်နယ်၊ ရှမ်းစုအင်ဖက်ကုန်းကျေးရွာ အဲဒီက ကလေးနှစ်ယောက် ပျောက်တယ်၊ အင်္ဂပူမြို့နယ်၊ နောင်ချွန်းကျေးရွာဖက်က ကလေးတွေလည်း ပျောက်တယ်။ ပျောက်တော့ တရားခံတဦးကို ဖမ်းမိထားတယ်လို့တော့ ပြောတယ်။ ဒါပေမဲ့ သူတို့က ကျွန်တော်တို့ ဒေသကကြားတာက ကလေးတွေကိုဖမ်းတာက ဂိုဏ်းဖွဲ့ပြီး ဖမ်းတယ်လို့ပြောတယ်။ သို့သော် ခမုံစခန်းမှူးက ဘယ်လိုအရေးယူ ဆောင်ရွက်မယ်ဆိုတာတော့ မသိရဘူး။"

လက်ပံတန်းမြို့နယ် NLD မြို့နယ်စည်းအဖွဲ့ဝင် ဦးထွန်းထွန်းကလည်း ကလေးပျောက်တဲ့မိဘတွေ လာရောက်အကူအညီတောင်းတဲ့အတွက် ကလေးပျောက်ဆုံးမှုအခြေအနေကို သိရတာဖြစ်ကြောင်း RFA ကို အခုလိုပြောပြပါတယ်။

"အဖ ဦးဝင်းရွှေ၊ ဒေါ်မလေးငယ်တို့ရဲ့သမီးပေါ့ဗျာ၊ အသက် ၁၂ နှစ်ခန့်ရှိတဲ့ မမီးလေး ခေါ် မအစ်မကြီးရယ်၊ ကျွန်တော်တို့ အဲဒီအင် ဖက်ကုန်းကျေးရွာမှာရှိတဲ့ ဦးညဏ်ထွန်းရဲ့သား၊ မအေးနော်တို့ရဲ့သားဖြစ်တဲ့ အသက် ၅ နှစ်ခန့် ကလေးနှစ်ယောက်ဗျ၊ အဲဒါ ပထမဆုံးအကြိမ်ပျောက်တာ။ ဒုတိယအကြိမ်က ၁၇ ရက် ၃ လ ၂၀၁၁ က ကလေး ၇ ဦးအခိုးခံရတယ်ဗျ။"

"သာယာဝတီခရိုင် မိုးညိုမြို့နယ်၊ ထိန်တော ရေသပြာအုပ်စုက နေပြီးတော့အဖဦးတင်ငွေ၊အမိဒေါ်သန်းသန်းတို့ရဲ့သမီး၊သမီးကနှစ်ဦး၊ သားက တဦး၊ တခြားအမည်မသိတဲ့ ကလေး ၄ ဦး ဗျ။ ၇ ဦးဗျ၊ ၇ ဦး။ အဲဒီ ကလေး ၇ ဦးက ထိန်တောကနေပြီးတော့ ခေါ်ဆောင်လာတာက လက်ပံတန်းမြို့နယ် ခမုံဆိပ်ရွာကို ရောက်တယ်ဗျ။ ခမုံဆိပ်ဘူတာကို ရောက်တဲ့အခါကျတော့ ပတ်ဝန်းကျင်မှာရှိတဲ့ ရပ်မိရပ်ဖတွေက ကလေးတွေကိုမသင်္ကာတဲ့အခါကျတော့ မေးလားစမ်းလားလုပ်တယ်ဗျ။ ရထားနဲ့ အဲဒီ ကလေးတွေက ပါသွား တယ်ဗျ။"

"အဲဒီလိုပါသွားတဲ့အခါကျတော့ တာဝန်ရှိတဲ့ ခမုံရုံပိုင်ကြီးက နေပြီးတော့ ဘူတာကိုတဆင့်စီတဆင့်စီနဲ့ အကူအညီတောင်းတဲ့အခါကျတော့ အဲဒီ ကလေး ၇ ဦးက ၃၀ ရက်နေ့ ဖြူကလေး ကျေးရွာမှာ ပြန်လည်တွေ့ရှိရတယ်ဗျ။" ဒီကလေး ၇ ယောက်ကို ပြန်လည်တွေ့ရှိပေမဲ့ မိဘတွေဆီပြန်လည်ရောက် မရောက်မကြား သိရသေးဘူးလို့လည်းသိရပါတယ်။

ဒီအကြောင်းကို မေးမြန်းဖို့ ခမုံတိုက်နယ်စခန်းမှူးဦးမင်းခိုင်ကို RFA က ဆက်သွယ်မေးမြန်းခဲ့ပေမဲ့ ဖုံးဆက်သွယ်လို့မရရှိခဲ့ပါဘူး။

အလားတူ ကလေးပျောက်ဆုံးမှုတွေ မိုးညိုမြို့နယ်နဲ့ လက်ပံတန်းမြို့နယ်တွေမှာ ထပ်မံပေါ်ပေါက်ခဲ့တယ်လို့ သိရပါတယ်။ မိုးညိုမှာ ၂ ယောက်နဲ့ လက်ပံတန်းမှာတယောက်၊ ၈ နှစ်နဲ့ ၉ နှစ်အရွယ် မိန်းကလေးနှစ်ဦးနဲ့ ဆယ်နှစ်အရွယ်ယောကျာ်းလေး ၁ ဦးတို့လည်းပျောက်ဆုံးသွားတယ်လို့ ဦးထွန်းထွန်းကပဲ ပြောပါတယ်။

အခုလို ကလေးတွေပျောက်ဆုံးနေတာဟာ လူကုန်ကူးဂိုဏ်းတွေနဲ့ ဆက်နွယ်မှုရှိ မရှိမသိရသေးသလို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေကလည်း အသေအချာစုံစမ်း အရေးယူတာတွေမကြားသိရသေးလို့ မိဘတွေစိုးရိမ်လျက်ရှိနေကြောင်းသိရပါတယ်။

---

## ပြက္ခဒိန်မှ

**ဧပြီ ၇ I** Kachin News Group ။ ။ တရုတ်သည် မြန်မာနယ်စပ်တွင် စစ်တပ်အတွက် အဆောက်အဦးများဆောက်နေပြီး၊ ဆောက်ပြီးလျှင် မြန်မာဖက်တွင်ဘာလုပ်နေသည်ကို မြင်ရမည်ဖြစ်ကြောင်း။

**ဧပြီ ၇ I** DVB ။ ။ လျှော်ဒဏ်ထိဒေသတွင် ကာလဝမ်းရောဂါ စိုးရိမ်ဖွယ်မတွေ့ရကြောင်း ကုလသမဂ္ဂမှဆို၏။

**ဧပြီ ၇ I** Asian Correspondent ။ ။ မြန်မာအစိုးရသစ်သည် ကတိတည်ကာ အာဏာရှင်စနစ်မကျင့်သုံးရေး လာဘ်ပြဿနာကင်းရေး ကျင့်ကြံရန်အရေးကြီးကြောင်း စာရေးသူဇင်လင်းမှသတင်းဝေဖန်တိုက်တွန်း၏။

**ဧပြီ ၈ I** Irrawaddy ။ ။ ဖြစ်ဆဲရှမ်းပြည်နယ်တပ် SSA-North နှင့် နအဖတပ်တို့အကြား ပြဿနာများသည် ရှမ်းပြည်နယ်အခြားဒေသများသို့ပါ ကူးစက်နေ၏။ UWSA SSA-South တို့သည် SSA-North ကို ကူညီနေ၏။

**ဧပြီ ၈ I** DVB ။ ။ အမေရိကန်ရှိ Vital Voices Global Partnership အဖွဲ့သည် (၂၀၁၀–၂၀၁၁) Global Leadership Award ဆုရှင် ဖ ဦးအနက် တဦးအဖြစ် ဒေါ်အောင်ဆန်းစုကြည်အား ဆယ်စုနှစ်၏ အသံဟုကင်ပွန်းတတ်ခါ ရွှေ့အပတ်တွင်ချီးမြှင့်မည်။

**ဧပြီ ၇ I** Irrawaddy ။ ။ မြန်မာအစိုးရသစ်သည် အာဆီယံပါလီမံအဖွဲ့ AIPA ဝင်ဖြစ်ရေးကြိုးပမ်းနေ၏။

**ဧပြီ ၈ I** Irrawaddy ။ ။ တာလီဘန်နှင့်ဆက်စပ်မှုရှိသည်ဟုဆိုကာ မောင်းတောတွင် မူဆလင်လူငယ် ၁၉ ဦးအား နဆကမှဖမ်းဆီးကာ တရားအမှု စစ်နေ၏။

**ဧပြီ ၈ I** AFP ။ ။ မြန်မာသို့ နအဖနှင့်သူပုန်တပ်များစစ်ဖြစ်ပြီး ရှုခင်းများကိုရိုက်စဉ် ထိုင်းဖက်မှမြန်မာနယ်သို့ ပြည်ဝင်စာမပါဘဲ ကျော်ဝင်လာသူ ကနေဒါမှ Ron Zakreski ဖ်ာ အား ပြည်နှင်ဒဏ်ပေးဖွယ်ရှိကြောင်း။

**ဧပြီ ၈ I** RGN, RFA ။ ။ ဦးခွန်ထွန်းဦးအား တိုင်းရင်းသားများညီညွတ်ရေးအဖွဲ့ UNA မှ သူရဲကောင်းဆုချီးမြှင့်ရာ ဇနီးဒေါ်ဝေဝေလွှင်မှ လက်ခံယူ၏။

**ဧပြီ ၉ I** LDN, RFA ။ ။ မြန်မာစစ်အုပ်ချုပ်သူများ၏ လူမျိုးနွယ်စုအပေါ်ချိုးဖေါက်သည့်ရာဇတ်မှုများကို ကုလအထွေထွေညီလာခံမှဆုံးဖြတ်ရာတွင် ဥရောပသမဂ္ဂထောက်ခံရန် ဗြိတိန်မှ ဖိအားပေးရန် Burma Campaign (UK) မှတောင်းဆို၏။

**ဧပြီ ၈ I** RFA ။ ။ မြန်မာတွင် လူ့အခွင့်အရေးတိုးတက်မလာဘဲ၊ ဆိုးရွားဆဲဖြစ်ကြောင်း အမေရိကန်၏ ၂၀၁၀ လူ့အခွင့်အရေးအစီရင်ခံစာမှဆို၏။

**ဧပြီ ၈ I** RFA ။ ။ မြန်မာတရုတ်ရေနံလိုင်းတည်မှုအထောက်အပံ့အဖြစ် မြန်မာသို့ ဆေးရုံဆောက်ရေးအကူအဖြစ် ဒေါ်လာ ဖ သန်းကူညီရန် ကမ်းလှမ်း၏။

**ဧပြီ ၉ I** Eurasian Review ။ ။ မြန်မာအပေါ် စိုင့်ရှင်ပိတ်ဆို့မှုများရုတ်သိမ်းရန် ဂျာမဏီ၏ ဥရောပသမဂ္ဂသို့အဆိုသည် မြန်မာနှင့်အခြားနိုင်ငံများ၊ ကမ္ဘာတလွှားအဖွဲ့အစည်းများသို့ ကန့်ကွက်မှု ထောက်ခံမှုဆန္ဒပြမှု ဂယက်ရိုက်နေကြောင်း S. Rajaratnam School of International Studies (RSIS) မှသုတေသီ ကျော်ဆန်းဝေမှသုံးသပ်၏။

# မြန်မာနိုင်ငံကဒုက္ခသည်တွေကို ဖိအားပေးပြန်ခိုင်းမှု နိုင်ငံတကာအထောက်အကူပြုအဖွဲ့အစည်းများ လက်မခံ

**VOA ၊ ဧပြီ ၈ ။** ။ ထိုင်းနိုင်ငံဒုက္ခသည်စခန်းတွေမှာရှိနေတဲ့ မြန်မာနိုင်ငံကဒုက္ခသည်တွေ ကိုယ့်သဘောနဲ့ကိုယ်နေရပ်ပြန်တာမျိုး ဖြစ်စေချင်တယ်လို့ ထိုင်းအစိုးရတာဝန်ရှိသူတဦးက ပြောပါတယ်။ ဒါ့အပြင် ဒုက္ခသည်တွေကိုထောက်ပံ့နေတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ထောက်ပံ့နေတာတွေကိုလျှော့ချစေချင်တယ်လို့ ထိုင်းနိုင်ငံ တပ်ခ်ခရိုင်အုပ်ချုပ်ရေးမှူးက မကြာသေးခင်ကပဲပြောလိုက်တာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒုက္ခသည်တွေကိုအကူအညီပေးနေသူတွေကတော့ မြန်မာနိုင်ငံဘက်ကဒုက္ခသည်တွေနေရပ်ပြန်ဖို့အတွက် လုံခြုံစိတ်ချရတဲ့အခြေအနေမှာ မရှိသေးဘူးလို့ ပြောနေပါတယ်။

မြန်မာနိုင်ငံမှာ တိုက်ခိုက်နေကြတဲ့အခြေအနေတွေ မရှိတော့တဲ့အတွက် ထိုင်းနိုင်ငံကဒုက္ခသည်စခန်းတွေမှာရှိနေကြတဲ့ ဒုက္ခသည်တွေကိုယ့်သဘောနဲ့ကိုယ် အိမ်ပြန်ကြရေးပြောဆိုဖို့ စပြီးစဉ်းစားသင့်ပြီလို့ ထိုင်းနိုင်ငံ၊ တပ်ခ်ခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာ ဆာမာ့တ်လွိုင်ဖာ Samard Loyfar က မကြာသေးခင်ကပဲပြောလိုက်တာပါ။ ဒါ့အပြင် စခန်းတွေမှာနေထိုင်နေသူတွေ အိမ်ပြန်ရေးဆွဲဆောင်စည်းရုံးဖို့ ဥရောသမဂ္ဂနဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR တို့အနေနဲ့ ဒုက္ခသည်တွေအတွက် သုံးစွဲနေတာတွေကိုစတင်လျှော့ချမယ်ဆိုရင် ဒီအဖွဲ့တွေနဲ့ သူလက်တွဲ လုပ်ဆောင်ချင်ပါတယ်လို့လည်း မစ္စတာ ဆာမာ့တ်ကဆိုပါတယ်။

ထောက်ပံ့တာကိုဖြတ်တောက်ပြီးတော့ ဒုက္ခသည်တွေအပေါ် ဖိအားပေးပြီးပြန်စေတာမျိုးဟာ ကိုယ့်သဘောနဲ့ကိုယ်ဆုံးဖြတ်ပြီး ပြန်ရတာမျိုးမဟုတ်တဲ့အကြောင်းနဲ့ UNHCR အနေနဲ့ ဒုက္ခသည်တွေကိုယ့်သဘောနဲ့ကိုယ်ပြန်တာမျိုးပဲ ဖြစ်စေချင်တဲ့အကြောင်း UNHCR ရဲ့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာရုံးက အကြီးတန်း သတင်းပြန်ကြားရေးအရာရှိ Kitty McKinsey က ဗွီအိုအေကို ပြောပါတယ်။

"ထောက်ပံ့တာတွေကိုလျှော့ချပြီးတော့ ဒုက္ခသည်တွေကိုဖိအားပေးတဲ့ဗျူဟာမျိုး လုံးဝမရှိဘူးလို့ ကျမပြောနိုင်မယ်ထင်ပါတယ်။ ဒါဟာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေတဲ့အဖွဲ့အစည်းတွေ လုပ်ကိုင်တဲ့နည်းလမ်းမဟုတ်ပါဘူး၊ ကျမတို့ သုံးစွဲနေတာကိုလျှော့ချပစ်ပြီးတော့ လူတွေကိုဖိအားပေးတာဟာ UNHCR က လုပ်ကိုင်ဆောင်ရွက်တဲ့နည်းလမ်း လုံးဝမဟုတ်ပါဘူး။"

ဒုက္ခသည်တွေကိုကူညီထောက်ပံ့နေတဲ့ အလှူရှင်နိုင်ငံတွေအားလုံးက ထောက်ပံ့ငွေတွေကို စနစ်တကျနဲ့ အကျိုးရှိရှိ သုံးစေချင်ပါတယ်လို့ မစ္စစ်မက်ကင်ဇီးကပြောပါတယ်။ ဒုက္ခသည်တွေအနေနဲ့ သူတို့ဖာသာသူတို့ရွေးချယ်ချက်နဲ့ မြန်မာနိုင်ငံကို ပြန်တဲ့အခါမှာဖြစ်စေ၊ တတိယနိုင်ငံတခုခုမှာ ရွှေ့ပြောင်းအခြေချနေထိုင်ဖို့သွားသည်ဖြစ်စေ သူတို့ခြေထောက်ပေါ်မှာ သူတို့ရပ်တည်နိုင်အောင်၊ သူတို့ရောက်တဲ့နိုင်ငံအတွက် တတ်နိုင်သလောက် မျှဝေလုပ်ဆောင်နိုင်အောင် လိုအပ်တဲ့ကျွမ်းကျင်မှုဆိုင်ရာသင်တန်းတွေပေးတာမျိုးလို စီမံကိန်းတွေအပေါ် UNHCR နဲ့ တခြားအလှူရှင်နိုင်ငံတွေက မကြာသေးခင်နှစ်တွေအတွင်း ပိုအာရုံစိုက်လုပ်ဆောင်လာခဲ့ကြပါတယ်။

လက်ရှိအချိန်မှာ ဒုက္ခသည်တွေ နေရပ်ရင်းပြန်ဖို့ဆိုတာကသူတို့ရပ်ရွာတွေရှိတဲ့ မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသတွေမှာ အခြေအနေကအရမ်းကိုမတည်မငြိမ်ဖြစ်နေတုန်းပဲလို့ဒုက္ခသည်တွေကိုအကူအညီပေးနေတဲ့ TBBC အဖွဲ့ရဲ့ ဒုတိယညွှန်ကြားရေးမှူး Sally Thompson က ပြောပါတယ်။

"စခန်းတွေထဲမှာရှိနေတဲ့ ဒုက္ခသည်တွေအနေနဲ့ အခုအချိန်မှာ အိမ်ပြန်ဖို့မဖြစ်နိုင်သေးဘူးဆိုတာကို ထိုင်းအာဏာပိုင်တွေဘက်မှာ အစစ်အမှန်နားလည်မှုရှိထားတယ်လို့ကျမထင်ပါတယ်။ ဒုက္ခသည်တွေရဲ့ အနာဂတ်အတွက် အဖြေမရှိဘဲနဲ့ သူတို့အတွက်ဝန်ဆောင်မှုတွေကို အလွယ်လေးလျှော့ချပစ်တာမျိုးဟာ တာဝန်မဲ့ရာကျပါလိမ့်မယ်။"

TBBC အဖွဲ့ဟာ နိုင်ငံ ၁၀ နိုင်ငံက အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်း ၁၂ ခု စုပေါင်းထားတဲ့အဖွဲ့ဖြစ်ပြီး ဒုက္ခသည်တွေကို စားနပ်ရိက္ခာ၊နေစရာနဲ့စားနပ်ရိက္ခာမဟုတ်တဲ့တခြားလိုအပ်ချက်တွေထောက်ပံ့ကူညီနေတဲ့အဖွဲ့ဖြစ်ပါတယ်။

ဘယ်လိုအခြေအနေမျိုးနဲ့ ဒုက္ခသည်ပဲဖြစ်ဖြစ် အိမ်ပြန်နိုင်ဖို့ဆိုတာ တကမ္ဘာလုံးမှာတပြေးညီစံနှုန်း သတ်မှတ်ချက်ရှိပါတယ်လို့ UNHCR က မစ္စစ်ကစ်တီမက်ကင်ဇီးက ပြောပါတယ်။ သူစကားပြောခဲ့ဖူးသမျှ အာဖရိကတိုက်ကပဲဖြစ်ဖြစ်၊ အာရှတိုက်ကပဲဖြစ်ဖြစ် ဒုက္ခသည်တွေအားလုံးဟာ အမြဲတမ်းအိမ်ပြန်ချင်နေကြသူတွေဖြစ်ပါတယ်လို့လည်း သူကဆိုပါတယ်။

"တကမ္ဘာလုံးမှာကျင့်သုံးတဲ့ ကျမတို့ရဲ့စံနှုန်းကတော့ အိမ်ပြန်သူတွေဟာ ကိုယ့်သဘောနဲ့ကိုယ်ပြန်တာမျိုးဖြစ်ဖို့၊ ဘေးကင်းလုံခြုံစွာနဲ့ဂုဏ်သိက္ခာရှိစွာပြန်တာမျိုးဖြစ်ဖို့ဆိုတာပါ။ ဥပမာအားဖြင့် မြေမြှုပ်မိုင်းတွေမရှိရဘူး၊ ကျောင်းတွေရှိရမယ်၊ ရေရနိုင်တဲ့နေရာတွေ ရှိရမယ်ဆိုတာမျိုးတွေပါ။ အထူးသဖြင့်ကတော့ သူတို့ရဲ့သာယာဝပြောမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုဖို့၊ သူတို့ရဲ့လူ့အခွင့်အရေးတွေကိုအသိ အမှတ်ပြုလေးစားမှု ရှိမရှိဆိုတာသိနိုင်ဖို့အတွက် UNHCRအဖွဲ့ကိုနယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်ခွင့်ပြုရပါမယ်။ ဒါပေမဲ့ အခု အချိန်မှာ မြန်မာနိုင်ငံထဲက UNHCR ရဲ့ လုပ်ငန်းစီမံကိန်းတွေရှိတဲ့နေရာတွေဆီတောင် ကျမတို့သွားခွင့်မရပါဘူး။ ဒါကြောင့် အခုအချိန်ဟာ ဒုက္ခသည်တွေ ကိုယ့်သဘောနဲ့ကိုယ်အိမ်ပြန်ကြဖို့ သင့်တော်တဲ့အချိန်ဖြစ်တယ်လို့ ကျမတို့ကတော့မယူဆပါဘူး။"

ပြီးခဲ့တဲ့ မတ်လဒုတိယပတ်အတွင်း ဥရောပသမဂ္ဂ EU ရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာမင်းကြီး Kristalina Georgieva ဟာ မယ်လဒုက္ခသည်စခန်းကို သွားရောက်ကြည့်ရှုခဲ့သလို ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Kristie Kenney ဟာလည်း မတ်လကုန်ပိုင်းမှာပဲ အဲဒီ မယ်လစခန်းကို သွားရောက်ခဲ့ပါသေးတယ်။ ဒုက္ခသည်တွေအိမ်ပြန်ရေးကိစ္စဟာ မြန်မာနိုင်ငံတွင်းအခြေအနေတွေတည်ငြိမ်ပြီး လုံခြုံစိတ်ချရမှုရှိမှ ဖြစ်နိုင်မယ်လို့သူတို့နှစ်ယောက်စလုံးက ပြောခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံကဒုက္ခသည်တွေကို နေရပ်ရင်းအတင်းအကျပ် ပြန်ပို့တာမျိုးလုပ်မှာမဟုတ်ဘူးလို့တော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya ကအာမခံပြောခဲ့တယ်လို့ သူနဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ EU ကော်မရှင်နာမင်းကြီးက ပြန်ပြောထားဖူးပါတယ်။

# အမျိုးသားဒီမိုကရေစီအင်အားစု အဲန်ဒီအက်ဖ်ပါတီ အမတ်တချို့ ခွဲထွက်

**VOA ၊ ဧပြီ ၅ ။** ။ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီထဲက ပြည်ထောင်စုလွှတ်တော်အမတ် ၄ ယောက်နဲ့ ပါတီက အထုတ်ခံထားရတဲ့ ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွှန့်တို့က NDF ပါတီဆက်လက်ရပ်တည်မှုအပေါ် ရွေးကောက်ပွဲကော်မရှင်ကနေ စိန်ခေါ်ဖို့စီစဉ်နေကြပါတယ်။ ရွေးကောက်ပွဲမှာစုစုပေါင်း အမတ်နေရာ ၁၆ နေရာအနိုင်ရထားတဲ့ NDF ပါတီကနေ သူတို့က NDF ပါတီ သဃ်န်းကျွန်းမြို့နယ်အခြေစိုက်အဖွဲ့အဖြစ်ရပ်တည်ဖို့ ခွဲထွက်လိုက်ကြတာဖြစ်ပါတယ်။ လက်ရှိ NDF ခေါင်းဆောင်တဦးကတော့ ဒါဟာ NDF ပါတီကွဲတာမဟုတ်ဘူးလို့ အခိုင်အမာငြင်းပါတယ်။

NDF ပါတီကနေ သဃ်န်းကျွန်းမြို့နယ်အခြေစိုက်အဖွဲ့အဖြစ်ခွဲထွက်သူတွေကိုဦးဆောင်တာကတော့ သဃ်န်းကျွန်းမြို့နယ်ကပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွှန့်ဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးတွေမစခင်ကတည်းက NDF ပါတီခေါင်းဆောင်တွေအကြား မပြေမလည်ဖြစ်တဲ့သတင်းတွေထွက်နေခဲ့ပြီးတဲ့နောက် အခုအခါမှာတော့ တရားဝင်ခွဲထွက်လိုက်ကြတာပါ။ ဧပြီလ ၂ ရက်နေ့က မဲဆန္ဒရှင်လူထုနဲ့တွေ့ဆုံစဉ်မှာ ဒီကိစ္စကိုကြေညာခဲ့တာဖြစ်ပြီး NDF ပါတီ နှစ်ခြမ်းကွဲသွားပြီလို့ ဦးသိန်းညွှန့်ကသုံးနှုန်း ပြောဆိုခဲ့ပါတယ်။

"အမျိုးသားဒီမိုကရေစီအင်အားစုပါတီကိုဆွေငြိမ်းဦးဆောင်တဲ့ဂိုဏ်းသားတွေနဲ့ ကျနော်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစု သဃ်န်းကျွန်းအခြေစိုက်အဖွဲ့ပေါ့၊ နှစ်ခြမ်းကွဲသွားပြီဆိုတာ ကျနော် အဲဒီနေ့ကတည်းကကြေညာခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့ ကော်မရှင်ကို သူတို့ရဲ့တရားမဝင်မှု၊ ဖွဲ့စည်းထားမှုအခြေအနေတွေ၊ နောက် ကျနော်မနစ် နိုဝင်ဘာကတည်းကတင်ထားတဲ့ နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေပုဒ်မ ၂၄(ခ) အရဆောင်ရွက်ပေးဖို့အစီအစဉ်တွေကို ကော်မရှင်ကို ကျနော်ဆက်လက်တင်ပြပါမယ်။"

ဦးသိန်းညွှန့်ဟာ ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်း တို့ နဲ့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကနေခွဲထွက်ပြီး NDF ပါတီကို စတင်တည်ထောင်ခဲ့သူတွေထဲမှာ တဦးအပါအဝင်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမတိုင်ခင်မှာ ပါတီရန်ပုံငွေဆိုင်ရာ ကိစ္စတွေအပေါ် ဦးသိန်းညွှန့်ကမကျေမလည်ဖြစ်ပြီး ပြောဆိုတာတွေရှိခဲ့ပြီးတဲ့နောက် ရွေးကောက်ပွဲအပြီး နိုဝင်ဘာလ ၁၇ ရက်နေ့မှာ သူ့ကိုပါတီကနေထုတ်ပယ်ပစ်ခဲ့ပါတယ်။

အခုလို ပါတီကထုတ်ထားတဲ့လူတယောက်ကဦးဆောင်ပြီး အမတ်တချို့ခွဲထွက်တဲ့အပေါ် သူတို့အနေနဲ့ပြောစရာသိပ်မရှိတော့ဘဲ ပါတီနှစ်ခြမ်းကွဲတာမဟုတ်ဘူးလို့ NDF ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးခင်မောင်ဆွေကအခိုင်အမာပြောခဲ့သလို ကွဲပြီလို့ ပြောကြတာတွေကိုလည်း အပြစ်တင်ခဲ့ပါတယ်။

"ဒီဟာကို ကျနော်ရှင်းစရာမရှိတော့ပါဘူး။ NDF နှစ်ခြမ်းကွဲစရာအကြောင်းလည်းမရှိဘူး။ ထုတ်ထားတဲ့ဦးသိန်းညွှန့်က သူ့ဟာသူလုပ်ချင်ရာလုပ်တာကိုNDFနှစ်ခြမ်းကွဲတယ်ပြောလို့ရှိရင်မှန်သလားဆိုတာစဉ်းစားဖို့လိုပါတယ်။ NLD က ထွက်လာတုန်းကတော့ အစအနလေးတွေထွက်သွားပါတယ်၊ အပဲ့အရွဲ့လေးတွေကျသွားပါတယ်ပြောတယ်။ အခုကျတော့ ထုတ်ထားတဲ့သူက ခေါင်းဆောင်တဲ့ ၅ ယောက်ထွက်သွားတာကိုတော့ NDF နှစ်ခြမ်းကွဲပြီဆိုတာ နိုင်ငံရေးယုတ္တိမကျပါဘူး။ မီဒီယာတွေကဖွနေသလားလို့တောင် ကျနော်က သံသယရှိနေပြီလို့ ပြောချင်ပါတယ်။"

ဦးသိန်းညွှန့်ဦးဆောင်ပြီးခွဲထွက်သွားတဲ့အထဲမှာပါတဲ့ တခြားလွှတ်တော်ကိုယ်စားလှယ်တွေကတော့ ဦးဖုန်းမြင့်အောင်၊ ဦးကျော်၊ ဒေါ်စန်းစန်းမြင့်နဲ့ ဦးကြည်မြင့်တို့ဖြစ်ကြပါတယ်။

NDF ပါတီကို သဃ်န်းကျွန်းမြို့နယ်အခြေစိုက်ပြီး ဆောင်ရွက်နေတဲ့အကြောင်း၊ လာမယ့်သီတင်းပတ်အတွင်း ရွေးကောက်ပွဲကော်မရှင်ကို အကြောင်းကြားမှာဖြစ်ပြီးတော့ ကော်မရှင်က သူ့ရဲ့လုပ်ပိုင်ခွင့်ထဲက အဆုံးအဖြတ်ပေးရမှာဖြစ်တယ်လို့ ဦးသိန်းညွှန့်ကဆိုပါတယ်။

"နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေ ၂၄(ခ) အရ ကော်မရှင်က ဒီပါတီနဲ့ပတ်သက်ပြီးတော့ လိုအပ်သလို စုံစမ်းစစ်ဆေးပြီးတော့ သူ့ကို ဥပဒေကပေးထားတဲ့လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးနိုင်ပါတယ်။ ကော်မရှင်က အဲဒီလုပ်ပိုင်ခွင့်တွေ ကျင့်သုံးလာဖို့အတွက်လည်း ကျနော်အခုလို NDF ပါတီကို နှစ်ခြမ်းခွဲပစ်ရခြင်းဖြစ်ပါတယ်။"

အခုလိုမျိုး ပင်မပါတီကနေခွဲထွက်ပြီး မြို့နယ်အခြေစိုက် အဖွဲ့တခုအဖြစ်ရပ်တည်တာဟာ ကော်မရှင်ဥပဒေနဲ့မကိုက်ညီဘူးလို့ ဦးခင်မောင်ဆွေကဆိုပြီး အခုကတော့ ကော်မရှင်ရဲ့ဆုံးဖြတ်ချက်ကပဲ အဓိကဖြစ်သွားပြီလို့ သူကလည်းပြောပါတယ်။

"ပါတီတွေမှာ အဲဒီလိုအဆင်မပြေတာတွေရှိတော့ ရှိတတ်ပါတယ်။ သို့သော်လည်း ကော်မရှင်ကနေ ဒါကို ဘယ်လိုအရေးယူဆောင်ရွက်မလဲ၊ ဒါ ကော်မရှင်ရဲ့အပိုင်းဖြစ်သွားပြီဗျ။ ဦးသိန်းညွှန့်တို့လုပ်နေတာက မြို့နယ်ပါတီအဖြစ်ထောင်တယ်ဆိုတဲ့အခါကျတော့ ဒါ ကော်မရှင်ဥပဒေနဲ့လည်းမကိုက်ညီဘူးဖြစ်နေတော့ ကော်မရှင်ကိုမေးတာပဲပိုကောင်းပါလိမ့်မယ်။ ကျနော်တို့အဖြစ်ကတော့ ဝေဖန်စရာမရှိပါဘူး။ ဦးသိန်းညွှန့်က သူလုပ်ချင်ရာလုပ်နေတာ ခင်ဗျားတို့အားလုံးအသိပဲလေ။ ကျနော်က ဒီအပေါ်မှာလိုက်ပြီးတော့ မရှင်းချင်တော့ပါဘူးဗျာ။"

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ဖို့ထူထောင်ခဲ့ကြတဲ့ ပါတီတွေထဲမှာ NDF ပါတီဟာ NLD ခွဲထွက်ခေါင်းဆောင်တချို့ ထူထောင်တဲ့ပါတီဖြစ်တာကြောင့် လူအများစိတ်ဝင်စားမှုအရဆုံးပါတီဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ နေရာအသီးသီး အမတ်အရေအတွက်စုစုပေါင်း ၁၆ နေရာအနိုင်ရခဲ့ပြီး အဲဒီထဲကနေ အခု ၅ ဦးခွဲထွက်သွားတာ ဖြစ်ပါတယ်။

NLD ကသာ နိုင်ငံရေးပါတီတခုအဖြစ်မှတ်ပုံပြန်တင်ပြီး ရွေးကောက်ပွဲဝင်မယ်ဆိုရင် NLD နဲ့ပြန်ပူးပေါင်းမယ်လို့ ဦးသိန်းညွှန့်ကပြောပါတယ်။

NLD အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း NDF ပါတီနဲ့ပတ်သက်လို့ ကြားရတဲ့သတင်းတွေအပေါ် စိတ်ဝင်တစားရှိနေပြီး သူတို့နောက်ဆုံး တွေ့ဆုံခဲ့ကြချိန်မှာ မေးမြန်းခဲ့တာတွေရှိတယ်လို့ ဦးခင်မောင်ဆွေက ပြောခဲ့ဖူးပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ရှမ်းပြည်တပ်မတော်မြောက်ပိုင်းနဲ့ နအဖစစ်တပ် တိုက်ပွဲဆက်တိုက်ဖြစ်

**VOA । ဧပြီလ ၇ ။** ။ ပြည်သူ့စစ် အသွင်ပြောင်းရေးကို လက်မခံတဲ့ ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းတပ်မဟာ ၁ နဲ့ မြန်မာအစိုးရတပ်တွေကြားဖြစ်ပွားနေတဲ့တိုက်ပွဲဟာ တလနီးပါးရှိလာချိန်အထိတိုက်ပွဲငယ်လေးတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။ မနေ့က မိုင်းရှူးမြို့နယ်အတွင်းမှာတိုက်ပွဲငယ်တကြိမ်ဖြစ်ခဲ့ပြီးနောက်ဒုက္ခသည်ရာဂဏန်းလောက်ဟာ မိုင်းရှူးမြို့ပေါ်ကို ထွက်ပြေးလာကြပါတယ်။ ရှမ်းတပ်ဖွဲ့နဲ့ မြန်မာစစ်အစိုးရတပ်ကြားဖြစ်ပွားနေတဲ့ ပြောက်ကျားတိုက်ပွဲ ငယ်တွေဟာ အရင်ကမြို့နယ် ၃ ခုလောက်မှာ ဖြစ်ပွားနေရာက အခုအခါ ၁၀ မြို့နယ်လောက်အထိ ကျယ်ပြန့်လာနေပြီလို့ စစ်ရေး၊ နိုင်ငံရေး လေ့လာသူတွေက ပြောပါတယ်။ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေတဲ့ တိုက်ပွဲနောက်ဆုံးအခြေအနေကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုမိုးဇော်က တင်ပြပေးထား ပါတယ်။

ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နဲ့ ရှမ်းပြည်တပ်မတော် (SSA) အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ အပစ်ရပ် ရှမ်းပြည်တပ်မတော် မြောက်ပိုင်းရဲ့ တပ်မဟာ ၁ တပ်တွေနဲ့ အစိုးရ တပ်ဖွဲ့တွေဟာ မိုင်းရှူးမြို့နယ်အတွင်းမှာ ပြီးခဲ့တဲ့လ ၁၃ ရက်နေ့က တိုက်ပွဲတွေ စတင်ဖြစ်ခဲ့ရာက အခုချိန်ထိလည်း ငြိမ်းအေးမသွားသေးဘဲ တိုက်ပွဲငယ်လေးတွေဟာ ရက်ခြားဆိုသလို ဆက်လက် ဖြစ်ပွားနေဆဲ ဖြစ်ပါတယ်။

ဒီရက်ပိုင်းအတွင်း ဖြစ်ခဲ့တဲ့ တိုက်ပွဲအခြေအနေကို ရှမ်းသံတော်ဆင့် သတင်းဌာန အယ်ဒီတာဦးစိန်ကြည်က အခုလို ပြောပြပါတယ်။

"မနေ့ကနဲ့ ဒီနေ့ထပ်ဖြစ်တာပဲ။ မိုင်းရှူးမြို့နယ် မိုင်းရှူးကနေ ဝမ်ဟိုင်းဌာနချုပ်ကို သွားတဲ့လမ်း ဝမ်ဟိုင်းရဲ့ တောင်ဘက် ၇ မိုင် ၈ မိုင်လောက်ပဲရှိမယ့် ကားလမ်းပေါ်မှာရှိတဲ့ ဝမ်ဆော့ရွာကြီးထဲမှာ သူက တိုက်နယ်ရွာပေ့ါ။ အဲဒီ ရွာကြီးထဲမှာ အခြေပြုနေတဲ့ နအဖတပ် အင်အား ၂၀၀ ကျော်ကို ရှမ်းတပ်ဘက်က သွားပြီးတော့ ပစ်တယ်။ အဲဒါ မနေ့က တမနက်လုံးချကြတယ်တဲ့။ အသေအပျောက် အတိအကျတော့ မသိသေးဘူး။ နအဖတပ်တွေက ခပ်များများက တိုက်ပွဲဖြစ်ပြီးတဲ့နောက် ဘုန်း ကြီးကျောင်းက ၂ ကျောင်း ၃ ကျောင်းရှိတယ်။ သူက ၃-၄ ရပ်ကွက်ရှိတာကိုး။ အဲဒီ ဝမ်ဆော့ရွာကြီးထဲမှာ ဘုန်းကြီးကျောင်းဝင်းထဲကို အကုန်လုံးပြေးဝင်ပြီးမှ နေရာယူထားကြတာပေ့ါ။ အဲဒါကြောင့် ရှမ်းတပ်ကလည်း မပစ်တော့ဘူး။ သံဃာတော်တွေ ထိမှာစိုးတယ်။ နောက်ပြီးတော့ ဘုန်းကြီးကျောင်းပျက်စီးမှာလည်း စိုးရိမ်တယ်လေ။"

ဒီတိုက်ခိုက်မှု ဖြစ်ပွားပြီးတဲ့နောက်မှာ ရာနဲ့ချီတဲ့ ဒေသခံရွာသူရွာသားတွေဟာ မိုင်းရှူးမြို့ပေါ်ကို ထွက်ပြေးတိမ်းရှောင် ကုန်တယ်လို့ ဦးစိန်ကြည်က ဆက်ပြောပါတယ်။ ဒီလို ဒုက္ခသည်တွေ ထွက်ပြေးတဲ့ သတင်းကိုတော့ သီးခြား အတည်ပြုချက်မရသေးပါဘူး။

လွန်ခဲ့တဲ့လအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာတော့သံဃာတော်တွေနဲ့ ကိုရင်တွေ အပါအဝင် အနည်းဆုံး အရပ်သား ၁၀ ယောက်လောက်ပျံလွန်၊ သေဆုံးပြီး ဒေသခံရွာသား ၇၀၀ လောက် မိုင်းရှူးမြို့ကို ထွက်ပြေးကြတယ်၊ နောက် ဘုန်းတော်ကြီးကျောင်းတွေလည်း ပျက်စီးခဲ့တယ်လို့ ရှမ်းသံတော်ဆင့် သတင်းဌာနက ဖော်ပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ လလယ်လောက်က စတင်ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေဟာ အရင်က မြို့နယ် ၃ ခုလောက်မှာ ဖြစ်ပွားနေရာက ဒီလအတွင်းမှာတော့ မြို့နယ် ၁၀ ခုလောက်အထိ ပျံ့နှံ့နေပြီလို့ ဦးစိန်ကြည်က ပြောပါတယ်။

"အစကတော့ တိုက်ကြတာက ၃-၄ မြို့နယ်လောက်ပဲရှိတယ်လေ။ ဥပမာ တန့်ယန်းမြို့နယ်၊ မိုင်းယိုင်မြို့နယ်၊ ကျေးသီးမြို့နယ်၊တခါတလေ လားရှိုးမြို့နယ် တစိတ်တပိုင်း၊ အခုဟာက ၁၀ မြို့နယ်လောက်အထိ ပျံ့နှံ့သွားပြီ။ ကျောက်မဲ၊ သီပေါ၊ လားရှိုးကားလမ်းရဲ့ အထက်ပိုင်းဘက်၊ ကားလမ်းရဲ့ မြောက်ဘက်ပိုင်းဘက်ကို အဲဒီဘက်မှာ သွားပြီးတော့ လှုပ်ရှားကြပြီ ရှမ်းတပ်က။ နမ့်ဆန်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ သီပေါမြို့နယ် သီပေါရဲ့ မြောက်ဘက်မှာလည်း တိုက်ပွဲတွေဖြစ်နေတယ်။ လွန်ခဲ့တဲ့ ၅ ရက်၊ ၆ ရက်က၊ ၂၈ ရက်နောက်ပိုင်းပေ့ါ။ အဲဒါကြောင့် အခု အားလုံးတွက်လိုက်မယ်ဆိုရင် ၉ မြို့နယ်၊ ၁၀ မြို့နယ်လောက် ပြန့်သွားပြီ၊ ဒီ ရှမ်းပြည်တောင်ပိုင်း၊ အလယ်ပိုင်းကနေ ဟိုးမြောက်ပိုင်းအထိပေ့ါ။"

ပြီးခဲ့တဲ့လအတွင်းက ဒီတိုက်ပွဲတွေမှာ မြန်မာစစ်အစိုးရဘက်က လားရှိုးအခြေစိုက်အရှေ့မြောက်တိုင်း စစ်ဌာနချုပ် (ရမခ)၊ တောင်ကြီးအခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ရပခ)၊ ကျောက်မဲအခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် (စကခ) ၁ နဲ့ မိုင်းနောင်အခြေစိုက် စကခ ၂ က တပ်ရင်းတွေသာ ပါဝင် တိုက်ခိုက်ခဲ့ရာက အခုအခါမှာ တပ်မ ၃၃၊ ၅၅ နဲ့ ၉၉ က တပ်ရင်းတွေကိုပါ ထပ်မံ အင်အားဖြည့်လာတာကြောင့် ဒီစစ်ဆင်ရေးဟာ ရေရှည်ဆက်ဖြစ်နိုင်မယ်လို့ ဦးစိန်ကြည်က သုံးသပ်ပါတယ်။

တရုတ်မြန်မာနယ်စပ်ကစစ်ရေး၊နိုင်ငံရေးအကဲခတ်လေ့လာသူ ဦးအောင်ကျော်ဇောက လက်ရှိဖြစ်ပွားနေတဲ့ တိုက်ပွဲတွေအပေါ် အခုလိုသုံးသပ်ပါတယ်။

"တိုက်ပွဲတခုလုံး ခြုံပြောရရင်တော့ တိုက်ပွဲက ဖြိုးဖြိုးဖြောက်ဖြောက်တော့ ဖြစ်နေတာ။ ပွဲကြီးတွေ မဖြစ်ဘူး။ မိုင်းအောတို့မိုင်းရှူးတို့ဆိုတာ မြို့နယ်တွေပါတယ်။ ကျေးသီးကလည်း မြို့နယ်၊အဲဒီမရောက်ခင် လဲချားဆိုတာလည်း မြို့နယ်ငယ်တွေအများကြီးရှိတယ်။ အဲလိုမျိုး ပြောရင် ၁၀ မြို့နယ် ကချင်မှတောင် ကမယ်။ သံလွင်မြစ်ရဲ့ အနောက်ဘက်ခြမ်းမှာရော အရှေ့ဘက်ခြမ်းမှာရော ဖြန့်ပြီးတော့ စစ်တွေဖြစ်နေတယ်။ ဒီဟာက ဗမာအစိုးရအတွက်တော့ သူ့ဘက်က ဖြေရှင်းနည်းမကောင်းဘူးဆိုရင်တော့ ရှမ်းမြောက်နဲ့ ရှမ်းအလယ်တို့က မကြာခဏ တိုက်ပွဲတွေဖြစ်လာတဲ့ နေရာတွေဖြစ်လာတော့မှာ။ ဗမာအစိုးရ အနေနဲ့ ကိုပန်ဖတို့ကို တည်တည်ငြိမ်ငြိမ်နဲ့ ဆွေးနွေးဖို့ ကြိုးစားရင် ကြိုးစား၊ မကြိုးစားရင် ခုနက ကျနော်ပြောတဲ့ ခွင်ကြီးတခုလုံးကတော့ သိပ်တည်ငြိမ်အေးချမ်းမယ့်ပုံ မပေါ်ဘူးဗျ။"

တချိန်တည်းမှာတော့ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ခဲ့တဲ့ နိုင်ငံရေးပါတီ ၁၀ ခုက မြန်မာအစိုးရသစ်ဟာ အသွင်ကူးပြောင်းရေးကိုလက်တွေ့ပြသတဲ့ အနေနဲ့ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံ ဆွေးနွေးဖို့ တောင်းဆိုထားသလို KNU ခေါ် ကရင်အမျိုးသားအစည်းအရုံးကလည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ တောင်းဆိုထား ပါတယ်။

# ကြားညပ်နေတဲ့ မြန်မာပြည်

ခင်မမမျိုး

မြန်မာနိုင်ငံဟာ အာရှအင်အားကြီးနိုင်ငံကြီးတွေ ဖြစ်တဲ့တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံအကြားမှာတည်ရှိနေတဲ့ နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား စစ်အင်အားအသုံးပြု (The use of force) ရတဲ့ပဋိပက္ခတွေဖြစ်လာခဲ့ရင် အိန္ဒိယသမုဒ္ဒရာ စစ်မျက်နှာမှာ မဟာဗျူဟာတန်ဖိုး (strategic value) အမြင့်ဆုံးနိုင်ငံတနိုင်ငံအနေနဲ့ သတ်မှတ်ထားခြင်းခံရတဲ့ နိုင်ငံတနိုင်ငံလဲဖြစ်ပါတယ်။ မြန်မာ့အရေးကို စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ လူ့အခွင့်အရေး၊ ပြည်တွင်းစစ် ရပ်စဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစတဲ့ အချက်တွေပေါ်မှာပဲ မူတည်ပြီး တွက်ချက်စဉ်းစားမှု လုပ်လို့ မရနိုင်ပါ။ ပထဝီဝင်နိုင်ငံရေး(Geopolitical factors) နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကိုလဲဆက်စပ်စဉ်းစားမှု လုပ်ဖို့လိုအပ်ပါတယ်။ သို့မှသာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် အကျိုးရှိမယ့် ချဉ်းကပ်မှုသဏ္ဌာန်သစ်တွေ၊ မဟာဗျူဟာအခင်းအကျင်းတွေကို ထိထိရောက်ရောက် ချမှတ်နိုင်မှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်၊ ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာ

ဝါရှင်တန်က ထုတ်ပြန်လိုက်တဲ့ National Military Strategy မှာ အာရှ-ပစိဖိတ်ဒေသရဲ့ မဟာဗျူဟာအကျိုးစီးပွား (strategic interests) တိုးမြှင့်ရေး ပါရှိပြီး၊ တောင်အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို အာရုံစိုက်ရေးအချက်တွေပါဝင်ပါတယ်။ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော တပ်မတော်တည်ဆောက်ရေး (military modernization) နဲ့ ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာ အချက်တွေကိုလဲ ထည့်သွင်းထားပါတယ်။

တချိန်တည်းမှာပဲ အာရှနိုင်ငံတွေအကြားက ကာကွယ်ရေးညွှန်ကြားချက်(defence guidelines)တွေကလဲ ပြိုင်တူတိုးချဲ့မှုတွေဖြစ်လာပါတယ်။ ဂျပန်နိုင်ငံက ရေငုပ်သင်္ဘော၊ ဖျက်သင်္ဘော၊ ကင်းထောက်လေယာဉ်နဲ့ ရဟတ်ယာဉ်အမြောက်အမြားဝယ်ယူဖို့ စီမံထားပါတယ်။ တောင်ကိုးရီးယားနဲ့ ဗီယက်နမ်နိုင်ငံတွေကလဲ ရေငုပ်သင်္ဘောဝယ်ယူဖို့ စီမံချက်တွေရှိပြီး၊ မလေးရှားနိုင်ငံရဲ့ လက်နက်တင်သွင်းမှုက ရာခိုင်နှုန်းတက်လာပါတယ်။ စင်ကာပူနိုင်ငံကလဲရေငုပ် သင်္ဘော နှစ်စီးထပ်ပြီး ဝယ်ယူအင်အားဖြည့်လာပါတယ်။ ဩစတြေးလျားနိုင်ငံကလဲ ရေငုပ်သင်္ဘော၊ ဖျက်သင်္ဘောနဲ့ တိုက်လေယာဉ်တွေ တိုးချဲ့ဖို့ စီမံလာခဲ့ပါတယ်။

၂၀၁၀ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စစ်အသုံးစရိတ်ဟာ အမေရိကန်ဒေါ်လာ ၇၈ ဘီလီယံရှိပြီး၊ လက်နက်တင်သွင်းမှုကိန်းဂဏန်းတွေကို ထပ်ဖြည့်လိုက်ရင် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ အထက်မှာရှိနိုင်ကြောင်း စစ်ရေးလေ့လာသူတွေက ဆိုထားခဲ့ပါတယ်။ high seas operations အတွက် နယူးကလီးယား ပါဝါသုံး လေယာဉ်တင်သင်္ဘောသုံးစီးကို ၂၀၁၇ ခုနှစ်မှာ အပြီးတည်ဆောက်ဖို့ ပြုလုပ်ထားတဲ့ စီမံချက်အရ ပထမဦးဆုံး လေယာဉ်တင်သင်္ဘောကို ၂၀၁၁ ခုနှစ်မှာ အပြီးတည်ဆောက်နိုင်မယ်လို့ ခန့်မှန်းချက်တွေ ရှိပါတယ်။ အမေရိကန်ရဲ့ F-22 ဂျက်တိုက်လေယာဉ်ဒီဇိုင်းကို ပုံစံတူယူထားတဲ့ J-20 stealth jet fighter ကို ဇန်နဝါရီလမှာ စမ်းသပ်ခဲ့ပါတယ်။

အင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ စစ်အသုံးစရိတ်ဟာလဲ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအထိရှိပြီး၊ ၃၃ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ဖို့ စီမံချက်ရှိပါတယ်။ scorpene submarines တည်ဆောက်မှုများရှိပြီး၊ anti-aircraft submarine နဲ့ စစ်လက်နက်ပစ္စည်းအများအပြားဝယ်ယူမှုတွေရှိပါတယ်။ ဘိုအင်းလေကြောင်းကုမ္ပဏီအပါအဝင်လေကြောင်းကုမ္ပဏီတွေမှာ ဂျက်တိုက်လေယာဉ် ၁၂၆ စင်း မှာယူထားဆဲပါ။

အာရှအင်အားကြီးနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံအကြားက စစ်အင်အားအပြိုင်အဆိုင် တိုးချဲ့မှု (arms race) ဟာ အာရှ-ပစိဖိတ်ဒေသမှာရှိတဲ့ နိုင်ငံတွေရဲ့ စစ်ရေးတာဝန်ရှိသူတွေ၊ နိုင်ငံတော်အကြီးအကဲတွေနဲ့ နိုင်ငံရေးသမားတွေအတွက် မလွဲမသွေထည့်သွင်းစဉ်းစားရမယ့် အချက်အလက်တွေဖြစ်ပါတယ်။

တရုတ်- အိန္ဒိယ ဆက်ဆံရေး (Sino- Indian Relations)

၁၉၅၀ ကာလတွေမှာ တရုတ်နဲ့အိန္ဒိယ နှစ်နိုင်ငံအကြားမှာ တတိယကမ္ဘာရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေကို ထောက်ခံအားပေးရင်းနဲ့ ကောင်းမွန်ခဲ့ကြပါတယ်။ ဒါပေမယ့် တိဘက်ခေါင်းဆောင် ဒလိုင်လားမားကို အိန္ဒိယသမ္မတ နေရူးက ခိုလှုံခွင့်ပေးမှုနဲ့ ပတ်သက်ပြီးနှစ်နိုင်ငံအကြားက သံတမန်ဆက်ဆံရေး ပျက်ယွင်းလာခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာ အိန္ဒိယအုပ်ချုပ်ခံနယ်တွေကို တရုတ်တပ်တွေ ဝင်ရောက်တပ်စွဲလာတဲ့အခါမှာ အိန္ဒိယက Forward Policy ကို ကျင့်သုံးပြီး၊ တရုတ်တပ်တွေကို ပြန်ဆုတ်ခိုင်းခဲ့ပါတယ်။ တရုတ်နိုင်ငံကလဲ armed co-existence policy ကို ကျင့်သုံးပြီး၊ စစ်ရေးအရ ထိပ်တိုက်ဖြေရှင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ စစ်ပွဲပြီးဆုံးသွားခဲ့ပေမယ့် အိန္ဒိယဘက်က humiliating defeat အနေနဲ့ သတ်မှတ်ထားဆဲပါ။

၁၉၆၄ခုနှစ်မှာ တရုတ်နိုင်ငံက နယူးကလီးယားလက်နက်နိုင်ငံ (nuclear weapon state) ဖြစ်လာချိန်မှာ အိန္ဒိယက စစ်ရေးအရ ခြိမ်းခြောက်မှုအနေနဲ့သတ်မှတ်ခဲ့ပါတယ်။ ဆယ်နှစ်အကြာမှာ အိန္ဒိယနိုင်ငံကလဲ နယူးကလီးယားလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်လာခဲ့ပါတယ်။ ၁၉၇၀၊ ၁၉၈၀ ကာလတလျှောက်မှာ နှစ်နိုင်ငံအကြား nuclear arms race တွေဖြစ်ပွားခဲ့ပြီး၊ ၁၉၈၀ နှောင်းပိုင်းမှာမှ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ fair and reasonable settlement ပြုလုပ်ဖို့အတွက် ပူးတွဲအလုပ်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး၊ ဒီအလုပ်အဖွဲ့ရဲ့ ထောက်ခံချက်တွေဖြစ်တဲ့ ၁၉၉၃ ခုနှစ် Maintenance of Peace and Tranquillity နဲ့ ၁၉၉၆ ခုနှစ် Confidence Building Measures ဆိုင်ရာ စာချုပ်တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။

ဒီလိုအပြုသဘောဆက်ဆံရေးတွေ ရှိနေပေမယ့် နှစ်နိုင်ငံ ဆက်

စာမျက်နှာ ၁၈ သို့

# မော်ဘီအခြေချတပ်ကို ရန်ကုန်အထူးတပ်ဝင်တိုက်

**BBC | ဧပြီ ၇ ။** ။ ဧပြီ ၇ ရက်နေ့ ယနေ့မနက် ၄ နာရီမှာ ရန်ကုန်တိုင်း မော်ဘီအခြေချ အမှတ် ၄ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်လက်အောက်ခံ တိုက်ကြီးမြို့မှာရှိတဲ့ ခမရ ၇၀၉ တပ်ဖွဲ့တချို့နဲ့ ခမရ ၇၁၀ တပ်တွေကို ရန်ကုန်တိုင်းအထူးတပ်တွေက ဝင်ရောက်ပစ်ခတ်ရာတ ဦးသေဆုံးပြီး တဦးဒဏ်ရာရရှိသွားတယ်လို့ အပစ်ခံခဲ့ရတဲ့တပ်ကတပ်ကြပ်ကြီးတဦးက ပြောပါတယ်။

အပစ်ခံလိုက်ရတဲ့ တိုက်ကြီးမြို့က ခမရ ၇၀၉ တပ်တချို့နဲ့ ခမရ ၇၁၀ တပ်တွေဟာ ပြီးခဲ့တဲ့ဧပြီလ ၁ ရက်နေ့က အချက် ၄ ချက်ပါတဲ့တောင်းဆိုချက်ကို စကခမှူး ဗိုလ်မှူးကြီးအောင်သီဟကတဆင့် ရန်ကုန်တိုင်းမှူးထံတင်ပြရာက တင်းမာမှုတွေစတင်ဖြစ်ပွားခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

အဲဒီအချက် ၄ ချက်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးရေး၊ စစ်မှုထမ်းဟောင်းဥပဒေကိုပြင်ဆင်ပြီး လစာတိုးပေးဖို့အပါအဝင် နိုင်ငံတွင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေရှင်းပေးရေးနဲ့ ပြည်သူတွေထောက်ခံတဲ့အစိုးရမျိုး ပြန်လည်ဖွဲ့စည်းပေးရေးဆိုတဲ့ အချက်တွေဖြစ်ပြီး ဒီကိစ္စကို ရန်ကုန်တိုင်း တိုင်းမှူးထံတင်ပြရာက တင်းမာလာခဲ့တာဖြစ်တယ်လို့သိရပါတယ်။

အဲဒီတင်းမာမှုကြောင့် ဒီနေ့မနက် ၄ နာရီမှာ စတင်ပစ်ခတ်မှုတွေဖြစ်ပွားခဲ့လို့ အခုလိုသေဆုံးဒဏ်ရာရရှိမှုတွေဖြစ်ခဲ့တာလို့ အပစ်ခံရတဲ့ ခမရ ၇၀၉ က တပ်ကြပ်ကြီးတဦးကပြောပါတယ်။ ခမရ ၇၀၉ နဲ့ ၇၁၀ ပူးပေါင်းတပ်တွေဟာ အင်အား ၅၀၀ ဝန်းကျင်ရှိပါတယ်။ လုံခြုံရေးတပ်တွေကတော့ အင်အား ၂၀၀ ကျော်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ဒါပေမယ့် အဲဒီလိုသေဆုံးဒဏ်ရာရမှုတွေဖြစ်လာတဲ့အတွက် စကခမှူးထံ မကျေနပ်ကြောင်းတင်ပြရာက တိုင်းအဆင့်စစ်ဘက်အာဏာပိုင်တွေပါ တပ်ရင်းထဲအထိလာရောက်ဖြေရှင်းခဲ့တယ်လို့ ဆိုပါတယ်။

**စာမျက်နှာ ၁၇ မှ**

ဆံရေးဟာ ပါကစ္စတန်အရေး၊ တိဘက်အရေးနဲ့ ဟိမဝန္တာ တောင်တန်းတောင်ပိုင်းနဲ့ Aksai Chin Plateau တို့မှာရှိနေတဲ့ နယ်နိမိတ်အငြင်းပွားဒေသ နှစ်ခုနဲ့ ပတ်သက်ပြီးပြေလည်မှုတွေ မရှိခဲ့ပါဘူး။ အိန္ဒိယဘက်ကမဟာဗျူဟာအမြင်မှာ တရုတ်နိုင်ငံဟာ အိန္ဒိယကို ခြိမ်းခြောက်နိုင်တယ်ဆိုတဲ့ အချက်ကို ထည့်သွင်းစဉ်းစားမှုတွေ ရှိခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်က အိန္ဒိယနိုင်ငံ နယူးကလီးယား စမ်းသပ်မှုတွေ ဖြစ်ပွားနေချိန်မှာ၊ ကာကွယ် ရေးဝန်ကြီးက တရုတ်ဟာ အိန္ဒိယရဲ့ ရန်သူနံပါတ် (၁) လို့ သတ်မှတ်ပြောဆိုခဲ့ပါတယ်။

တရုတ်နိုင်ငံက မဟာဗျူဟာလေ့လာသူတွေကလဲ ဂျပန်၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတွေဟာ တရုတ်နိုင်ငံရဲ့ အရှေ့မြောက်ပိုင်း၊ အရှေ့တောင်ပိုင်းနဲ့ အနောက်တောင်ပိုင်းမှာရှိနေပြီး၊ ပစိဖိတ်မှာကလဲ အမေရိကန်ရဲ့ ပါဝါရှိနေတာကြောင့် မဟာမိတ်တန်ဖိုး (alliance values) ပြောင်းသွားခဲ့ရင် တရုတ်ရဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်တယ်လို့ တွက်ဆထားကြပါတယ်။ အာရှနိုင်ငံရေးအခင်းအကျင်းမှာပေါ်ထွက်လာတဲ့ အမေရိကန်၊ ဂျပန်နဲ့ ဩစတြေးလျားနိုင်ငံတို့ အကြားက trilateral security dialogue အခင်းအကျင်းတွေ၊ အင်ဒို-ဂျပန်မဟာမိတ် အခင်းအကျင်းတွေ ပါဝင်နေတဲ့ Asian-Pacific

**နောက်ကျောဖုံးမှ**

တိုက်မှာ အဆိုးရွားဆုံးနိုင်ငံတွေထဲပါဝင်ပါတယ်။ အဲဒီအချက်ထဲမှာ ကျန်းမာရေးအသုံးစရိတ်နည်းလွန်းတဲ့ကိစ္စ၊ အာဟာရမပြည့်ဝတဲ့ကိစ္စ၊ ငှက်ဖျားရောဂါဖြစ်ပွားမှု၊ တီဘီရောဂါဖြစ်ပွားမှု စတာတွေကို ထည့်ပေါင်းလိုက်ရင် အခြေအနေတရပ်လုံးပေါ်လာတာက မြန်မာ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟာ ပြိုလဲကျနေတယ်ဆိုတာတွေ့ရပါလိမ့်မယ်။" လို့ ဒေါက်တာဖစ်တ်က ပြောပါတယ်။

၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးကဏ္ဍအသုံးစရိတ်မှာ လူတယောက်အတွက် အမေရိကန် ဒေါ်လာ ၂ ဒေါ်လာအောက်ပဲ လျာထားတာတွေရတာကြောင့် အင်မတန် နည်းလွန်းတယ်ဆိုပြီးပြောကြသလို တဘက်မှာကျတော့ စစ်အသုံးစရိတ်အတွက် ဘဏ္ဍာငွေရဲ့လေးပုံတပုံနီးပါးသုံးစွဲဖို့ လျာထားတဲ့အတွက် အဆမတန်ကွာခြားလွန်းတယ်ဆိုပြီး ဝေဖန်တာတွေနဲ့ မြန်မာအစိုးရ ရင်ဆိုင်နေရပါတယ်။

ကျန်းမာရေးအသုံးစရိတ်ဟာအိမ်နီးချင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် တောင်မှအရမ်းနည်းလွန်းသလိုနိုင်ငံတကာကူညီထောက်ပံ့မှုကလည်း နည်းနေတယ်လို့ ဒေါက်တာစင်သီယာမောင်က ပြောပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာဖို့ဆိုရင် မြန်မာအစိုးရဟာ ကျန်းမာရေးကဏ္ဍမှာ ပိုပြီးရင်းနှီးမြှုပ်နှံဖို့၊ လူမျိုးစုတိုင်းရင်းသားဒေသတွေမှာ ဖိနှိပ်ညှဉ်းပန်းတာတွေ ရပ်ပစ်ပြီး ပြည်တွင်းပဋိပက္ခကို အဆုံးသတ်ပစ်ဖို့၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေကိုပိုလက်ခံပြီး လူတိုင်း ကျန်းမာရေး စောင့်ရှောက်မှုရအောင်လုပ်ပေးဖို့လိုပါတယ်လို့ ဒေါက်တာဖစ်တ်က အကြံပေးပါတယ်။

ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးတွေအတွင်း ကျန်းမာရေးစောင့်ရှောက်မှုကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေက မေးခွန်းမေးတာတွေ၊ အဆိုတင်သွင်းတာတွေ အများအပြား လုပ်ခဲ့ကြပါတယ်။ အဲဒါတွေအပေါ် မြန်မာအစိုးရကျန်းမာရေးဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားတာတွေမှာတော့ အားနည်းချို့ယွင်းချက်မရှိဘဲ အားလုံးကောင်းနေတဲ့ပုံစံပြောခဲ့ပါတယ်။

---

trilateralism ဟာ တရုတ်နိုင်ငံကို စစ်ရေးအရ ဝိုင်းဝန်းပိတ်ဆို့မှုပြုလာနိုင်တယ်လို့ ယူဆထားကြပါတယ်။

၂၁ ရာစုမှာ တရုတ်နဲ့ အိန္ဒိယ နှစ်နိုင်ငံအကြားမှာ စစ်ရေးအပြိုင်အဆိုင်အင်အားတိုးချဲ့မှုတွေကြီးမားလာခြင်းရဲ့အဓိကအရေးကတော့ အိန္ဒိယသမုဒ္ဒရာကို ထိန်းချုပ်နိုင်မှုပဲ ဖြစ်ပါတယ်။ အိန္ဒိယ သမုဒ္ဒရာနဲ့ ပတ်သက်ရင် တရုတ်နဲ့ အိန္ဒိယကို two scorpions in a bottle လို့ စစ်မဟာဗျူဟာ အသိုင်းအဝိုင်းက သတ်မှတ်ထားပါတယ်။ အိန္ဒိယနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးရဲ့ survival ဟာ အိန္ဒိယ သမုဒ္ဒရာရဲ့ အရှေ့မြောက်ပိုင်းဒေသပဲဖြစ်ပါတယ်။ လက်ရှိ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးအင်အား (economic power) ဟာ ရေနံတင်သွင်းမှုပေါ်မှာ မူတည်နေပါတယ်။ လက်ရှိမှာ နိုင်ငံတွင်းလိုအပ်ချက်ရဲ့ ၆၅ ရာခိုင်နှုန်းက ပင်လယ်ကွေ့ဒေသကနေ အိန္ဒိယသမုဒ္ဒရာကို ဖြတ်ပြီး တင်သွင်းရတာပါ။ ၂၀၁၅ မှာဆိုရင် ၇၅ ရာခိုင်နှုန်း အထိ တင်သွင်းဖို့လိုအပ်လာမယ်လို့ သတ်မှတ်ထားကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်**


www.faxtoon.com
NO. 497 Mar 30, 2011
တက်မပါ၊ ရွက်မပါ ....
တို့ ပြည်သစ် .... စစ်လှေသစ် .....
DICTATORSHIP
BURMA

# ကျန်းမာရေးစောင့်ရှောက်မှု တနိုင်ငံလုံးလက်လှမ်းမမီ လိုအပ်ချက်များရှိနေ

**VOA၊ ဧပြီ ၇။** ။ မြန်မာနိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေဟာ တနိုင်ငံလုံးအနှံ့ လက်လှမ်းမီတဲ့အခြေအနေမှာ မရှိဘဲ လိုအပ်ချက်တွေအများအပြားရှိနေတယ်လို့ ထိုင်း၊ မြန်မာ နယ်စပ်မှာ မယ်တော်ဆေးခန်းဖွင့်လှစ်ပြီး အခမဲ့ ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးနေတဲ့ ဒေါက်တာစင်သီယာမောင်က ဝေဖန်ပြောဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ ပြဿနာကြုံနေရတယ်ဆိုတာထင်ရှားတယ်လို့ မြန်မာ့ကျန်းမာရေး အခြေအနေလေ့လာသူတဦးကလည်းပြောပါတယ်။

မြန်မာလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေဟာ အလွန်အမင်းညံ့ဖျင်းဆိုးရွားနေတယ်ဆိုတဲ့အချက်ကို ပြည်တွင်းပြည်ပက ထောက်ပြဝေဖန်လာတာကြာပါပြီ။ ဆေးကုသတဲ့ စရိတ်ကြီးမြင့်တာ၊ စရိတ်မျှပေးကျန်းမာရေးစနစ်နဲ့လုပ်နေတယ် ဆိုပေမဲ့ လူနာရှင်က ငွေကြေးတတ်နိုင်မှသာအဆင်ပြေတာ၊ ဆေးဝါးမလုံလောက်တာ စတဲ့ အားနည်းချက်အများအပြားရှိနေတဲ့ မြန်မာ့ကျန်းမာရေးစနစ်ကို ပိုပြီးကောင်းလာအောင်လုပ်ဖို့ အရေးတကြီးလိုအပ်နေတယ်ဆိုတာ အများစုကလက်ခံထားကြပါတယ်။

နယ်စပ်ဒေသတွေကိုမဆိုထားနဲ့ ပြည်တွင်းပိုင်းထဲမှာတောင်မှ စရိတ်ကြီးကြီးပေးရတဲ့ ပုဂ္ဂလိကဆေးရုံဆေးခန်းတွေမှာလောက်ပဲစောင့်ရှောက်မှုကောင်းကောင်းရနိုင်တယ်လို့ ဧပြီလ ၇ ရက်နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့ကျန်းမာရေးနေ့မှာ ဒေါက်တာစင်သီယာမောင်က ပြောခဲ့တာဖြစ်ပါတယ်။

"ကျန်းမာရေးနဲ့ပတ်သက်တဲ့ရင်းနှီးမြှုပ်နှံမှုတွေမှာ ကျမတို့နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားဒေသတွေမှာ၊ အထူးသဖြင့်တော့ လုံးဝ လက်လှမ်းမမီတဲ့အခြေအနေတွေရှိတယ်ပေါ့။ နောက်တော့ ပြည်တွင်းထဲကအခြေအနေတွေအရဆိုရင်လည်း Private ဆေးရုံ ဆေး ခန်းတွေမှာပဲ ကျန်းမာရေးစောင့်ရှောက်မှုတွေကများနေပြီးတော့ အစိုးရဆေးရုံဆေးခန်းတွေမှာတော့ စောင့်ရှောက်မှုတွေက မလုံလောက်တာတွေ့နေရတယ်။ အထူးသဖြင့်တော့ ကျမတို့ နယ်စပ်ဒေသကိုဖြတ်ကျော်ပြီးတော့ ဆေးကုတဲ့လူနာတွေရဲ့အခြေအနေက ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီတဲ့ အခြေအနေတွေ တွေ့နေရတယ်။"

ရနိုင်သလောက်အချက်အလက်တွေနဲ့တိုင်းတာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ ပြဿနာကြုံနေရတယ်ဆိုတာ အင်မတန်ရှင်းပါတယ်လို့ ပြောသူက အမေရိကန်နိုင်ငံ၊ ဂျွန်ဟော့ပ်ကင်းစ် Johns Hopkins တက္ကသိုလ်၊ အများပြည်သူ ကျန်းမာရေးနဲ့လူ့အခွင့်အရေးဌာနက မြန်မာ့ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကိုလေ့လာသူ ဒေါက်တာဗစ်တ် Dr. Vit ဖြစ်ပါတယ်။

"အများပြည်သူကျန်းမာရေးစောင့်ရှောက်မှု အခြေအနေဘယ်လိုရှိနေတယ်ဆိုတာကိုပြတဲ့ အဓိကအကျဆုံးညွှန်းချက်တွေထဲကတခုဖြစ်တဲ့ အမျိုးသမီးနဲ့ကလေးငယ်တွေရဲ့ ကျန်းမာရေးအခြေအနေဆိုင်ရာညွှန်းကိန်းတွေကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ အာရှ

စာမျက်နှာ ၁၈ သို့

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER